# ဥပေါသထအနုသန္ဒီပယကထာ

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

## မြတ်စွာဘုရား အကြံတော်ဖြစ်သည်ကို ပြခြင်း

ဣဒံ မယှံ ဥဒပါဒိ။ ယံနူနာဟံ ယာနိ မယာ ဘိက္ခူ နံ ပညတ္တာနိ သိက္ခာပဒါနိ။ တာနိ နေသံ ပါတိမောက္ခု ဒ္ဒေသံ အနုဇာနေယျံ။ သောစ နေသံ ဘဝိဿတိ ဥပေါ သထကမ္မန္တိ။ အနုဇာနာမိ ဘိက္ခဝေ ပါတိမောက္ခံ ဥဒ္ဒိသိတုံ။ ။မဟာဝါ ဥပေါသထက္ခန္ဓက။

ဘိက္ခဝေ၊ ရဟန်းတို့။ မယှံ၊ ငါဘုရားအား။ ဣဒံ၊ ဤအကြံသည်။ ဥဒပါဒိ၊ ဖြစ်၏ ကထံ ဥဒပါဒိ၊ နည်း။ မယာ၊ ငါဘုရားသည်။ ဘိက္ခူ နံ၊ တို့အား။ ယာနိ သိက္ခာပဒါနိ၊ တို့ကို။ ပညတ္တာနိ၊ ကုန်ပြီ။ တာနိ သိက္ခာပဒါနိ၊ တို့ကို။ နေသံ ဘိက္ခူနံ၊တို့အား။ ပါတိမောက္ခုဒ္ဒေသံ၊ ပါတိမောက်ပြခြင်းကို။ အဟံ၊ ငါဘုရားသည်။ ယံနူန အနုဇာနေ ယျံ၊အကယ်၍ ခွင့်ပြုတော်မူငြားအံ့။ သောစ ပါတိမောက္ခုဒ္ဒေသော၊ ထိုပါတိမောက်ပြခြင်းသည်လည်း။ နေသံ ဘိက္ခူနံ၊တို့အား။ ဥပေါသ ထကမ္မံ၊ ဥပုသ်ကံသည်။ ဘဝိဿတိ၊ တံ။ ဣတိဝေ၊ သို့။ ဣဒံ၊ ဤအ ကြံသည်။ မယှံ၊ ငါဘုရားအား။ ဥဒပါဒိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ ပါ တိမောက္ခံ၊ ကို။ ဥဒ္ဒိသိတုံ၊ ပြခြင်းငှာ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

ဥဒ္ဒိသ ဥစ္စာရဏေ-ဟူသော ဓါတ်နက်ကို မမြွှော်မူ၍၊ ဥဒ္ဒိသိသော ဒိဿတိ အာစိက္ခိသာမိ ဒေသိဿာမိ ပညပိဿာမိ ပဋ္ဌပေဿာမိ ဝိဝ ရိဿာမိ ဝိဘဇိဿာမိ ဥတ္တာနီ ကရိဿာမိ ပကာသိဿာမိ-ဟူသော ပဒဘာဇနီကိုသာ မြော်၍၊ ပဉ္စိမံ ပဉ္စိမံ ပဒံ၊ ပုရိမာနံ ပုရိမာနံ ပ ဒါနံ အတ္ထော-ဟူသည်နှင့် အညီ။ ပါတိမောက္ခုဒ္ဒေသံ၊ ပါတိမောက်

ပြခြင်းကို၊ ပါတိမောက္ခံ၊ ကို၊ ဥဒ္ဒိသိတုံ၊ ပြခြင်းငှာ၊ ဥဒ္ဒိဋ္ဌံ၊ ပြအပ်ပြီး၊ ဥဒ္ဒေသံ၊ ပြခြင်းသို့၊ အာဂစ္ဆန္တိ၊ ကုန်၏၊-ဟု ပဒဘာဇနီ ဘုရား ဟောပါ၍၊ ပကာသိသာမိ-၏အနက်ကိုသာမှတ်၍၊ ပါတိမောက် ပြ—ဟူသော စကားအသုံးအနှုန်းဖြစ်၏ဟု ယူသော် သင့်၏။

သော စ နေသံ ဘဝိဿတိ ဥပေါသထကမ္မန္တိ။ အနုဇာနာမိ ဘိက္ခဝေ ပါတိမောက္ခံ ဥဒ္ဒိသိတုံ၊-ဟူသော ဤပညတ်၌၊ဥပုသ်တပါးသာရ၏။ ဥပုသ်သည် သာမညဖြစ်၍၊ သကသက ပရိသ-ဥပုသ်နှင့်လည်း ဆက်ဆံ၏။ သာမဂ္ဂိ-ဥပုသ်နှင့်လည်း ဆက်ဆံ၏။ ဆက်ဆံသောကြောင့်၊ သကသက ပရိသ-ဥပုသ်ကို ဆဗ္ဗဂ္ဂိ ရဟန်းများပြုသောကာလ၊ မဆက်ဆံအောင် သကသက ပရိသ-ဥပုသ်ကိုပယ်၍၊ သာမဂ္ဂိ ဥပုသ်ကို၊ (န ဘိက္ခဝေ ။ပ။ ဥပေါသထကမ္မံ။)-ဟုခွင့်ပြုတော်မူ၏။

## သမဂ္ဂါနံ ဥပေါသထကံကို ပြခြင်း

> န ဘိက္ခဝေ ယထာပရိသာယ ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ။ သကာယ သကာယ ပရိသာယ၊ ယော ဥဒ္ဒိသေယျ အာပတ္တိ ဒုက္ကဋဿ။ အနုဇာနာမိ ဘိက္ခဝေ သမဂ္ဂါနံ ဥပေါသထကမ္မန္တိ။ ။ရင်းပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့၊ ယထာပရိသာယ၊ ပရိသတ်တိုင်း၌၊ ပါတိမောက္ခံ၊ ကို။ န ဥဒ္ဒိသိတဗ္ဗံ၊ မပြအပ်။ သကာယ သကာယ ပရိသာယ၊ မိမိ မိမိ၏ ပကတိ ပရိသတ်၌၊ ပါတိမောက္ခံ၊ကို၊န ဥဒ္ဒိသိတဗ္ဗံ၊ မပြအပ်။ ယော ဘိက္ခု၊ သည်၊ဥဒ္ဒိသေယျ၊ ပြငြားအံ့။ တဿ ဘိက္ခုနော၊ အား၊ ဒုက္ကဋဿ၊ သို့၊ အာပတ္တိ အာပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ သမဂ္ဂါနံ၊ စည်းဝေး ညီညွတ်သော ရဟန်းတို့အား၊ ဥပေါသထကမ္မံ၊ ဥပုသ်ကံကို။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ဣတိဝေံ၊ ဤသို့၊ ဘဂဝတာ၊ သည်၊ ပညတ္တံ၊ ပညတ်အပ်၏။

အနုဇာနာမိ ဘိက္ခဝေ သမဂ္ဂါနံ ဥပေါသထ ကမ္မံ၊ - ဟူသော ဤပညတ်၌၊ သာမဂ္ဂိတပါး, ဥပုသ်တပါး, ကံတပါး သုံးပါးရ၏။

ထိုသုံးပါးတို့တွင်၊ က-ကို သမာနသံဝါသ၊ ဥပုသ်-ကို ကေ့ပေါသထဟု နောက်၌ဆိုလတံ့။ သာမဂ္ဂီသည် သာမညဖြစ်၍၊ ကောဝါသ သာမဂ္ဂီနှင့်လည်း ဆက်ဆံ၏။ သဗ္ဗာပထဝီ သာမဂ္ဂီနှင့်လည်း ဆက်ဆံ၏။ ဆက်ဆံသောကြောင့်၊ မေးလျှောက်သော ကာလ မဆက်ဆံအောင်၊ သဗ္ဗာပထဝီသာမဂ္ဂီကိုပယ်၍၊ ကောဝါသ သာမဂ္ဂီကို၊ [(အထခေါ ။ပ။ ယာဝတာကောဝါသော)—ဟု ခွင့်ပြုတော်မူ၏။

## မဟာကပ္ပိနမထေရ် လျှောက်ထားခြင်းကို ပြခြင်း

အထခေါ ဘိက္ခူနံ ဧတဒဟောသိ။ ဘဂဝတာ ပညတ္တံ သမဂ္ဂါနံ ဥပေါသထကမ္မန္တိ။ ကိတ္တာဝတာ နုခေါ သာမဂ္ဂီ ဟောတိ ယာဝတာ ဧကာဝါသော၊ ဥဒါဟု သဗ္ဗာပထဝီတိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ ဧတ္တာဝတာ သာမဂ္ဂီ၊ ယာဝတာ ဧကာဝါသောတိ။ ။ဂန္တွ တွ ဖြဟ္မဏာ ဥပေါသထံ၊ မာနေ အာဂမာသိ။ ဂန္တွ တွံ သံဃကမ္မံ မာနော အာဂမာသီတိ။ ဧဝံ ဘန္တေတိခေါ အာယသ္မာ မဟာကပ္ပိနော ဘဂဝတော ပစ္စဿောသိ။ ။ဝင်းမါဠိတော်။

အထခေါ၊ ၌။ ဘိက္ခူနံ၊ တို့အား။ ဧတံ၊ ဤသို့သော အကြံသည်။ အဟောသိ၊ ဖြစ်ပြီ။ ကထံ အဟောသိ၊ နည်း။ ဘဂဝတာ၊ သည်။ သမဂ္ဂါနံ ဥပေါသထကမ္မန္တိ၊ သမဂ္ဂါနံ ဥပေါသထကမ္မံ ဟူ၍။ ပညတ္တံ၊ ပြီ။ ယာဝတာ၊ အကြင် မျှလောက်သော။ ဧကာဝါသော၊ သည်။ သာမဂ္ဂီ၊ သည်။ ဟောတိ နုခေါ၊ လော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ယာဝတာ၊ အကြင်မျှလောက်သော။ သဗ္ဗာပထဝီ၊ အလုံးစုံသော မြေအပြင်သည်။ သာမဂ္ဂီ၊ သာမဂ္ဂီသည်။ ဟောတိ နုခေါ၊ လော။ ဧတတ္ထ၊ ထို ၂-ပါးတို့တွင်။ ကိတ္တာဝတာ၊ ထိုမျှလောက်သော အာဝါသည်။ သာမဂ္ဂီ၊ သည်။ ဟောတိနုခေါ၊ ဖြစ်လေသနည်း။ ဣတိဧဝံ၊ ဤသို့။ ဧတံ၊ ဤသို့သော အကြံသည်။ အဟောသိ၊ ဖြစ်ပြီ။ ဘဂဝတော၊ အား။ ဧတမတ္ထံ၊ ထိုအကြောင်းကို။ အာရောစေသုံ၊

ကြားလျှောက်ကြကုန်ပြီ။ ဘိက္ခဝေ၊ တို့။ ယာဝတာ၊ အကြင်မျှ လောက်သော။ ဧကာဝါသော၊ ဧကာဝါသသည်။ သာမဂ္ဂီ၊ သာမဂ္ဂီသည်။ ဟောတိ၊ ဖြစ်၏။ တာဝတာ၊ ထိုဧကာဝါသမျှလောက်သော ဤသာမဂ္ဂီသည်။ သာမဂ္ဂီ၊ သာမဂ္ဂီမည်၏ဟူ၍။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ဉတ္တိဧဝံ၊ သို့။ ဘဂဝတာ၊ သည်။ ပညတ္တံ၊ ပညတ်အပ်၏။

အနုဇာနာမိ ဘိက္ခဝေ တာဝတာ သာမဂ္ဂီ ယာဝတာ ဧကာဝါသော။-ဟူသော ဤပညတ်၌၊ ဧကာဝါသ သာမဂ္ဂီ တပါး သာရ၏။ ဧကာဝါသ သာမဂ္ဂီသည် သာမညဖြစ်၍။ ဧကာဝါသ သာမဂ္ဂီ ဥပုသ်နှင့်လည်း ဆက်ဆံ၏၊ ဧကာဝါသ သာမဂ္ဂီကံနှင့် လည်း ဆက်ဆံ၏။ ဆက်ဆံသောကြောင့်၊ တအာဝါသတည်း၌ ဥပုသ်ပြုရာ, ကံပြုရာသို့ မသွားဘဲနေသော၊ အရှင်မဟာကပ္ပိန မထေရ်ကို၊ ချစ်သားဗြာဟ္မဏ သင်သည်၊ တအာဝါသတည်း၌ ဥပုသ်ပြုရာ, ကံပြုရာသို့ မသွားဘဲ မနေလင့်၊ သွားလောဟု မိန့်တော်မူ၍၊ ဧကာဝါသ သာမဂ္ဂီဥပုသ်, ဧကာဝါသ သာမဂ္ဂီကံ ၂-ပါးလုံးကို၊ ဂစ္ဆ တွံ ဗြာဟ္မဏ၊ ပ။ မာနော အဂမာသိ-ဟု ခွင့်ပြုတော်မူ၏။

ဗြာဟ္မဏ၊ ချစ်သား ဗြာဟ္မဏ။ တွံ၊ သင်သည်။ ဥပေါသထံ၊ ဥပုသ်သို့။ ဂစ္ဆ၊ သွားလော။ အဂမာသိ၊ မသွားသည်။ မာနော အဟု၊ မဖြစ်လင့်။ ဗြာဟ္မဏ၊ ဏ။ တွံ၊ သည်။ သံဃကမ္မံ၊ သို့။ ဂစ္ဆ၊ လော။ အဂမာသိ၊ မသွားသည်။ မာနော အဟု၊ မဖြစ်လင့်။ ဉတ္တိဧဝံ၊ သို့။ ဝုတ္တေ၊ မိန့်တော်မူသည်ရှိသော်။ ဘန္တေ၊ မြတ်စွာဘုရား။ ဧဝံသာဓု၊ ကောင်းပါပြီ။ ဉတ္တိခေါ၊ ဤသို့လျှင်။ အာယသ္မာ မဟာကပ္ပိနော၊ အရှင်ကပ္ပိန မထေရ်သည်။ ဘဂဝတော၊ အား။ ပစ္စဿောသိ၊ ရှိသေစွာနာ၏။

ဘဂဝတော ပညတ္တံ တာဝတာ သာမဂ္ဂီ ယာဝတာ ဧကာဝါသော။-ဟူသော ဤပညတ်၌၊ သာမဂ္ဂီတပါး, ဧကာဝါသ တပါး, ဤ၂-ပါးရှိ၏။ ထို ၂-ပါးတို့တွင်၊ ဧကာဝါသသည် သာမညဖြစ်၍,

သမာနသံဝါသ ဧကာဝါသနှင့်လည်း ဆက်ဆံ၏။ ဧကုပေါသထ ဧကာဝါသနှင့်လည်း ဆက်ဆံ၏။ဆက်ဆံသောကြောင့်၊ မေးလျှောက်သောကာလ၊ မဆက်ဆံအောင် ဧကာဝါသကိုပယ်၍ သိမ်ကို၊(အထခေါ။ပ။ သမ္မန္နိတုံ၊)-ဟု ခွင့်ပြုတော်မူ၏။

## သိမ်သမုတ်ရန် ခွင့်ပြုခြင်းကို ပြခြင်း

**အထခေါ ဘိက္ခူနံ ဧတဒဟောသိ။ ဘဂဝတာ ပညတ္တံ ဧတ္တာဝတာ သာမဂ္ဂီ၊ ယာဝတာ ဧကာဝါသောတိ၊ ကိတ္တာဝတာ နုခေါ ဧကာဝါသော ဟောတီတိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ။** ။ငင်းပါဠိတော်။

အထခေါ၊ ၌။ ဘိက္ခူနံ၊ တို့အား။ ဧတံ၊ ဤသို့သော အကြံသည်။ အဟောသိ၊ ဖြစ်ပြီ။ ကထံ အဟောသိ၊ နည်း။ ဘဂဝတာ၊ သည်။ ဧတ္တာဝတာ သာမဂ္ဂီ ယာဝတာ ဧကာဝါသောတိ၊ ဧတ္တာဝတာ သာမဂ္ဂီ ယာဝတာ ဧကာဝါသော-ဟူ၍။ပညတ္တံ၊ ပညတ်အပ်ပြီ။ သမာနသံဝါသာ၊ တူသော ပေါင်းဖေါ်ရာသည်။ဧကာဝါသော၊ ဧကာဝါသသည်။ ဟောတိ နုခေါ၊လော။ဥဒါဟု၊ ထိုသို့မဟုတ်။ဧကုပေါသထော၊ တူသောဥပုသ်ပြုရာသည်။ ဧကာဝါသော၊ ဧကာဝါသသည်။ဟောတိ နုခေါ၊လော။ တတ္ထ၊ ထို၂-ပါးတို့တွင်။ ကိတ္တာဝတာ၊ ထိုမျှလောက်သောအဘယ်ဧကာဝါသသည်။ဧကာဝါသော၊ဧကာဝါသသည်။ဟောတိ နုခေါ၊ ဖြစ်လေသနည်း။ ဣတိဧဝံ၊ ဤသို့။ ဧတံ၊ဤသို့သော အကြံသည်။အဟောသိ၊ ဖြစ်ပြီ။ဘဂဝတော၊ အား။ဧတမတ္ထံ၊ ထိုအကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက်ကြကုန်ပြီ။ ဘိက္ခဝေ၊ တို့။ သီမံ၊ သိမ်ကို။ သမ္မန္နိတုံ၊ သမုတ်ခြင်းငှာ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

သိမ်သည်၊ သာမညအားဖြင့် တပါး။ ဗဒ္ဓသိမ်, အဗဒ္ဓသိမ် အားဖြင့် ၂-ပါး။ ဗဒ္ဓသိမ်သည်လည်း၊ သာမညအားဖြင့် တပါး။ မဟာသိမ်, ခဏ္ဍသိမ်အားဖြင့် ၂-ပါး။ အဗဒ္ဓသိမ်သည်လည်း၊ သာမညအားဖြင့် တပါး။ ဂါမသိမ်, သတ္တဗ္ဘန္တရသိမ်, ဥဒကုက္ခေပသိမ်အားဖြင့်

၃-ပါး။ ဤသို့အားဖြင့်ပြားသော ဗဒ္ဓသိမ်သည့်ရင်း, အဗဒ္ဓသိမ်သည့် ရင်း သာမညဖြစ်၍၊ သမာနသံဝါသသိမ်နှင့်လည်း ဆက်ဆံ၏၊ ဧကု ပေါသထသိမ်နှင့်လည်း ဆက်ဆံ၏။ ဆက်ဆံသောကြောင့်၊ (သမ္မ တာ သီမာ သံဃေန။ပ။အယံ တတ္ထ သမာနသံဝါသာ ဧကုပေါသထာ)-ဟု ခွင့် ပြုတော်မူ၏။

## သမာနသံဝါသကဖြစ်၍ ဂါမသိမ်, နိဂမသိမ်တို့ကို ပြခြင်း

သမ္မတာ သီမာ သံဃေန ဧတေဟိ နိမိတ္တေဟိ သမာနသံ ဝါသာ ဧကုပေါသထာ၊ အသမ္မတာယ ဘိက္ခဝေ သီမာယ အ ဋ္ဌပိတာယ ယံ ဂါမံ ဝါ နိဂမံ ဝါ ဥပနိဿာယ ဝိဟရတိ။ ယာ တဿ ဝါ ဂါမဿ ဂါမသီမာ၊ နိဂမဿ ဝါ နိဂမသီမာ၊ အယံ တတ္ထ သမာနသံဝါသာ ဧကုပေါသထာ။ အဂါမကေ စေ ဘိက္ခု ဝေ အရညေ သမန္တာ သတ္တဗ္ဘန္တရာ၊ အယံ တတ္ထ သမာန သံဝါသာ ဧကုပေါသထာ။ သဗ္ဗာ ဘိက္ခဝေ နဒီ အသီမာ၊ သဗ္ဗော သမုဒ္ဒေါ အသီမော၊ သဗ္ဗော ဇာတဿရော အသီ မော။ နဒိယာ ဝါ ဘိက္ခဝေ သမုဒ္ဒေ ဝါ ဇာတဿရေ ဝါ ယံ မဇ္ဈိမဿ ပုရိသဿ သမန္တာ ဥဒကုက္ခေပေါ၊ အယံ တတ္ထ သ မာနသံဝါသာ ဧကုပေါသထာတိ။ ။မဟာဝါ ဥပေါသထက္ခန္ဓက။

ဧတေဟိ နိမိတ္တေဟိ၊ ထိုနိမိတ်တို့ဖြင့်။ သမာနသံဝါသာ၊ သမာ နသံဝါသလည်းမည်သော။ ဧကုပေါသထာ၊ ဧကုပေါသထလည်း မည်သော။ သီမာ၊ သိမ်ကို။ သံဃေန၊ သံဃာသည်။ သမ္မတာ၊ သ မုတ်အပ်ပြီ။ ။ဗဒ္ဓသိမ်။

ဘိက္ခဝေ၊ တို့။ သီမာယ၊ သိမ်ကို။ အသမ္မတာယ၊ မသမုတ်အပ် သည့်ရှိသော်။ အဋ္ဌပိတာယ၊ မပိုင်းခြားအပ်သည့်ရှိသော်။ ယံ ဂါမံ ဝါ၊ အကြင်ရွာကိုရင်း။ ယံ နိဂမံ ဝါ၊ အကြင်နိဂုမ်းကိုရင်း။ ဥပ နိဿာယ၊ အမှီပြု၍။ ဝိဟရတိ၊ နေ၏။ တဿ ဂါမဿ၊ ထိုရွာ၏။ ယာ ဂါမသီမာ ဝါ၊ အကြင်ဂါမသိမ်သည့်ရင်း။ တဿ နိဂမဿ၊ ထို နိဂုမ်း၏။ ယာ နိဂမသီမာ ဝါ၊ အကြင်နိဂမသိမ်သည့်ရင်း။ အတ္ထိ၊

ရှိ၏။ အယံ၊ ဤဂါမသိမ်, နိဂမသိမ်သည်။ တတ္ထ၊ ထိုရွာ ထိုနိဂုမ်းကို အမှီပြု၍နေသောကျောင်း၌။ သမာနသံဝါသာ၊ သမာနသံဝါသသိမ်လည်းမည်၏။ ဧကူပေါသထာ၊ ဧကူပေါသထသိမ်လည်းမည်၏။ ။ ဂါမသိမ်-အဖွင့်။

ဘိက္ခဝေ၊ တို့။ အဂါမကေ၊ ရွာမရှိသော။ အရညေ၊ တော၌။ သမန္တာ၊ ထက်ဝန်းကျင်မှ။ သတ္တဗ္ဘန္တရာ၊ သတ္တဗ္ဘန္တရသည်၊ သဓေ အတ္ထိ၊ အကယ်၍ရှိသည်ဖြစ်အံ့၊ အယံ၊ ဤသတ္တဗ္ဘန္တရသည်၊ တတ္ထ၊ ထိုတော၌။ သမာနသံဝါသာ၊ သမာနသံဝါသသိမ်လည်းမည်၏။ ဧကူပေါသထာ၊ ဧကူပေါသထသိမ်လည်းမည်၏။ ။ သတ္တဗ္ဘန္တရသိမ်-အဖွင့်။

ဘိက္ခဝေ၊ တို့။ သဗ္ဗာ နဒီ၊ အလုံးစုံသောမြစ်သည်။ အသိမာ၊ သိမ်မဟုတ်။ သဗ္ဗော သမုဒ္ဒေါ၊ အလုံးစုံသော သမုဒ္ဒရာသည်။ အသိမော၊ သိမ်မဟုတ်။ သဗ္ဗော ဇာတဿရော၊ အလုံးစုံသော အိုင်သည်။ အသိမော၊ သိမ်မဟုတ်။ ဘိက္ခဝေ၊ တို့။ နဒိယာဝါ၊ မြစ်၌ဖြစ်စေ။ သမုဒ္ဒေဝါ၊ သမုဒ္ဒရာ၌ဖြစ်စေ။ ဇာတဿရေဝါ၊ အိုင်၌ဖြစ်စေ။ မၛ္ဈိမဿ၊ အားအလပ်ရှိသော။ ပုရိသဿ၊ ယောက်ျား၏။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ယံ ဥဒကုက္ခေပေါဝါ၊ အကြင်ရေပက်ကျသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤရေပက်ကျသည်။ တတ္ထ၊ ထိုမြစ်, ထိုသမုဒ္ဒရာ, ထိုအိုင်၌။ သမာနသံဝါသာ၊ သမာနသံဝါသ သိမ်လည်းမည်၏။ ဧကူပေါသထာ၊ ဧကူပေါသထသိမ်လည်းမည်၏။ ဣတိဧဝံ၊ ဤသို့။ ဘဂဝတာ၊ သည်။ ပညတ္တံ၊ ပညတ်အပ်၏။ ။ ဥဒကုက္ခေပသိမ်-အဖွင့်။

ဥပုသ်ကံသည် ဥပုသ်မည်၏။ ဥပုသ်ကံမှကြွင်းသော အဝသေသကံသည် ကံမည်၏။ ကံကို-သမာနသံဝါသ၊ ဥပုသ်ကို-ဧကူပေါသထ ဟုနောက်၌ဆိုလတံ့ဟု ဝန်ခံခဲ့သောစကားသည်၊ ယခုဆိုခွင့်ရောက်၏။ ကံသည်-သမာနသံဝါသမည်၏၊ ဥပုသ်သည်-ဧကူပေါသထမည်၏။ ကံ-သမာနသံဝါသမည်ကြောင်း၊ ဥပုသ်-ဧကူပေါသထမည်ကြောင်းကို၊ ပါဠိတော်၌သာ ဆိုသည်မဟုတ်သေး၊ အဋ္ဌကထာ, ဋီကာတို့၌လည်း ဆိုအပ်၏။

## အဋ္ဌကထာ, ဋီကာဆရာတို့ အဆိုကို ပြခြင်း

ဧဝံ ဗဒ္ဓသီမာဝသေန သမာနသံဝါသဉ္စ ဧကုပေါသထဘာဝဉ္စ ဒဿေတွာ ဣဒါနိ အဗဒ္ဓသီမေသုပိ ဩကာသေသု တံ ဒဿေန္တော။ အသမ္မတာယ ဘိက္ခဝေ သီမာယ အဋ္ဌပိတာယာတိ အာဒိမာဟ။ ။အဋ္ဌကထာ။

ဥပေါသထံ ထပေတွာ သေသကမ္မာနိ သမာနသံဝါသာနာမာတိ လိခိတံ။ ။ဝဇိရဗုဒ္ဓိဋီကာ။

ဥပေါသထဿ ဝိသုံ ဂဟိတတ္တာ အဝသေသ ကမ္မဝသေန သမာနသံဝါသတာ ဝေဒိတဗ္ဗာ။ ။တေရသကဏ္ဍဋီကာ။

ဧဝံ၊ ဤသို့။ ဗဒ္ဓသီမာဝသေန၊ ဗဒ္ဓသိမ်၏အစွမ်းအားဖြင့်။ သမာနသံဝါသဉ္စ၊ သမာနသံဝါသကို၎င်း။ ဧကုပေါသထဘာဝဉ္စ၊ ဧကုပေါသထ၏အဖြစ်ကို၎င်း။ ဒဿေတွာ၊ ပြတော်မူပြီး၍။ ဣဒါနိ၊ ယခု။ အဗဒ္ဓသီမေသုပိ၊ သိမ်မဖွဲ့အပ်သည်လည်းဖြစ်ကုန်သော။ ဩကာသေသု၊ အရပ်တို့၌။ တံ၊ ထိုသမာနသံဝါသ, ဧကုပေါသထကို။ ဒဿေန္တော၊ ပြတော်မူလိုသော မြတ်စွာဘုရားသခင်သည်၊ အသမ္မတာယ ဘိက္ခဝေ သီမာယ အဋ္ဌပိတာယာတိ အာဒိံ၊ အသမ္မတာယ ဘိက္ခဝေ သီမာယ အဋ္ဌပိတာယ-ဤသို့အစရှိသော စကားကို။ အာဟ၊ မိန့်ပြီ။

ဥပေါသထံ၊ ဥပုသ်ကို။ ထပေတွာ၊ ထား၍။ သေသကမ္မာနိ၊ ကြွင်းသောကံတို့သည်။ သမာနသံဝါသာနာမ၊ သမာနသံဝါသမည်ကုန်၏။ ဣတိ၊ ဤသို့ နှလုံးပိုက်၍။ လိခိတံ၊ ရေးအပ်၏။

ဥပေါသထဿ၊ ဥပုသ်ကို။ ဝိသုံ၊ အသီး။ ဂဟိတတ္တာ၊ ယူအပ်သည်၏အဖြစ်ကြောင့်။ အဝသေသ ကမ္မဝသေန၊ ကြွင်းသောကံတို့၏အစွမ်းအားဖြင့်။ သမာနသံဝါသတာ၊ သမာနသံဝါသ၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဤသို့ဆိုအပ်ခဲ့ပြီးသော ပါဠိ, အဋ္ဌကထာ, ဋီကာ စကားရပ်တို့ဖြင့်၊ ရောက်အပ်သော လိုရင်းအဓိပ္ပါယ်ကို ဆိုသည့်ရှိသော်၊ ကံ၏အရ သမာနသံဝါသနှင့်၊ ဥပုသ်၏အရ ကေုပေါသထနှင့် ဆက်ဆံ၍၊ ပညတ်ခွင့်ပြုတော်မူအပ်သော ဗဒ္ဓသိမ်, အဗဒ္ဓသိမ်သည်၊ သာမညအားဖြင့် သိမ်မည်၏။ သိမ်၏အရ သီမာ-ဟူသော ပညတ်ဖြင့်၊ ကောဝါသကို ပယ်၏။ ကောဝါသ-ဟူသော ပညတ်ဖြင့်၊ ဗဟုအာဝါသကို ပယ်၏။ ကောဝါသ၌ အာဝါသ-ဟူသော ပညတ်ဖြင့်၊ အနာဝါသကို ပယ်၏။ ကောဝါသ၌ အာဝါသ-ဟူသော ပညတ်ဖြင့်၊ အနာဝါသကို၊ ကောဝါသ-ဟူသော ပညတ်ဖြင့် ဗဟုအာဝါသကို၊ သီမာ-ဟူသော ပညတ်ဖြင့် ကောဝါသကို ပယ်သည့်ရှိသော်၊ သိမ်, အာဝါသ, အနာဝါသ သုံးပါး၊ အချင်းချင်း တပါးသည်တပါးနှင့်၊ ပညတ်အားဖြင့် ရောနှောကြသည်မဟုတ်သောကြောင့်၊ သိမ်နှင့်စပ်၍ပညတ်သော အရာဌာန၌၊ အာဝါသ, အနာဝါသကို ယူသင့်သည် မဟုတ်။ အာဝါသ, အနာဝါသနှင့်စပ်၍ ပညတ်သော အရာဌာန၌၊ သိမ်ကို ယူသည့်မဟုတ်။ ဤသို့ရောက်အပ်သော လိုရင်းအဓိပ္ပါယ်ကို ဆိုလို၏။

ကျောင်းကို သိမ်သမုတ်သည့်ရှိသော်၊ အာဝါသသည်ပင် သိမ်မဟုတ်လော၊ သိမ်သည်ပင် အာဝါသမဟုတ်လော။ ဇရပ်ကို သိမ်သမုတ်သည့်ရှိသော်၊ အနာဝါသသည်ပင် သိမ်မဟုတ်လော၊ သိမ်သည်ပင် အနာဝါသ မဟုတ်လော-ဟု ဆိုခဲ့ငြားအံ့၊ ဆိုပါစေ ဥပမာဖြင့် ဖြေဆိုအပ်၏။ တအာရုံတည်း၌အတူအကွ ဖြစ်ကြသော နာမ်တရားအပေါင်းသည်၊ ရုပ်ကို ကောင်းစွာ သုတ်သင်ရှင်းလင်းသော ယောဂီပုဂ္ဂိုလ်အား၊ နာမ်ထင်သည့်၏ အစွမ်းအားဖြင့်၊ ဖဿ, ဝေဒနာ, ဝိညာဏ် ၃-ပါး ပြဋ္ဌာန်း၏။ ထိုသုံးပါးတို့တွင်၊ အာရုံနှင့်တွေ့သော သဘောသည်-ဖဿသာဟုတ်၏၊ ဝေဒနာ, ဝိညာဏ် မဟုတ်။ အာရုံကို ခံစားသော သဘောသည်-ဝေဒနာသာဟုတ်၏၊ ဖဿ, ဝိညာဏ် မဟုတ်။ အာရုံကို သိသောသဘောသည် - ဝိညာဏ်သာဟုတ်၏၊ ဖဿ, ဝေဒနာ မဟုတ်။ ဤသို့ ဖဿ, ဝေဒနာ, ဝိညာဏ် သုံးပါး တ

အာဂုံတည်း၌အတူတကွဖြစ်ကြသော်လည်း၊အချင်းချင်းသဘောအား ဖြင့် ရောနှောကြသည် မဟုတ်သကဲ့သို့။

ထို့အတူ၊ကျောင်းကို သိမ်သမုတ်သည်ရှိသော်၊တကျောင်းတည်း၌ တတူတကွဖြစ် ကြသော သိမ်, အာဝါသ ၂-ပါးသည်၊ ကိစ္စကိုပြုသော ရဟန်းအား၊ ပညတ်ထင်သည်၏အစွမ်းအားဖြင့်၊ သိမ်,အာဝါသ ၂-ပါး ပြဋ္ဌာန်း၏။ ထို ၂-ပါးတို့တွင်၊ဥပုသ် ပြုလိုသောကိစ္စ,ကံပြုလိုသောကိစ္စ၏ တည်ရာသည်၊ ခွင့်ပြုတော်မူသော ပညတ်အားဖြင့် သိမ်သာဟုတ်၏၊ အာဝါသ မဟုတ်။ အရပ်တွင်း၌ သွားလာလှည့်ပတ်လိုသောကိစ္စ, နေထိုင်လိုသောကိစ္စ၏တည်ရာသည်၊ ခွင့်ပြုတော်မူသော ပညတ်အားဖြင့် အာဝါသသာဟုတ်၏၊ သိမ်မဟုတ်။ ဤသို့ သိမ်, အာဝါသ ၂-ပါး တကျောင်းတည်း၌ အတူတကွပင် ဖြစ်ကြသော်လည်း၊ ခွင့်ပြုတော်မူသော ပညတ်အားဖြင့်၊ အချင်းချင်း ရောနှောကြသည်မဟုတ်။

ဇရပ်ကို သိမ်သမုတ်သည်ရှိသော်၊ တဇရပ်တည်း၌ အတူတကွ ဖြစ်ကြသော သိမ်, အနာဝါသ ၂-ပါးသည်၊ ကိစ္စပြုသော ရဟန်း အား၊ ပညတ်ထင်သော အားဖြင့်၊ သိမ်, အနာဝါသ ၂-ပါး ပြဋ္ဌာန်း၏။ ထို ၂-ပါးတို့တွင်၊ ဥပုသ်ပြုလိုသောကိစ္စ, ကံပြုလိုသောကိစ္စ၏ တည်ရာသည်၊ ခွင့်ပြုတော်မူသော ပညတ်အားဖြင့် သိမ်သာဟုတ်၏၊ အနာဝါသမဟုတ်။ အရပ်၌ သွားလာလှည့်ပတ်လိုသောကိစ္စ, နေထိုင် လိုသောကိစ္စ၏ တည်ရာသည်၊ ခွင့်ပြုတော်မူသော ပညတ် အားဖြင့် အနာဝါသဟုတ်၏၊ သိမ်မဟုတ်။ ဤသို့ သိမ်,အနာဝါသ ၂-ပါး တဇရပ် တည်း၌ အတူတကွပင် ဖြစ်ကြသော်လည်း၊ အချင်းချင်းပညတ်အားဖြင့် ရောနှောကြသည်မဟုတ်။ ဤသို့ဥပမာအား ဖြင့် ဖြေဆိုအပ်၏။ ၊သိမ်, အာဝါသ, အနာဝါသ ခြားနားပုံ။

ဓမ္မိရဟုဒ္ဒိဋ္ဌိကာ ဥပေါသထက္ခန္ဓက အဖွင့်ကို ပြခြင်း

ကိတ္တာဝတာ နုခေါ သာမဂ္ဂီတိ ဧတ္တာယမဝိပ္ပါယော သာ မဂ္ဂီနာမေသါ သဘာဂါနံ သန္နိပါတော။ သဘာဂါ စနာမ ယတ္တ ကာ သဟာဓမ္မိကာ၊ တေ သဗ္ဗေပိ ဟောန္တိ၊ ဥဒါဟု အာဝါသ

သဘာဂတာယ သဘာဂါနာမ ဟောန္တီတိ။ တတ္ထ ယဒိ သဟ
ဓမ္မိကာနံ သာမဂ္ဂီ သာမဂ္ဂီနာမ။ သဓမ္မံ ပုထုဝိဘတ္တာနံ
သာမဂ္ဂီ ဇာနိတဗ္ဗာ။ အထာဝသထဝသေန၊ ဧကာဝါသ သဘာ
ဂါနန္တိ ဝုတ္တံဟောတိ။ အညထာ ဧကာဝါသေ သာမဂ္ဂီတိ
အာပဇ္ဇတိ၊ မာနေနာဓိဂမာသီတိ အဓိဂတော မာဟောတိ။ ဧ
ကာဝါသဂတာနံ ဝသေန သာမဂ္ဂီ ပဋိက္ခိပိတွာ ဧကသီမဂ
တာနံ ဝသေန အနုဇာနိတုကာမော ဘဂဝါ အနုဇာနာမိ
ဘိက္ခဝေ သီမံ သမ္မန္နိတုန္တိ အာဟ။ အထ အာဝါသပရိစ္ဆေဒံ
ဝတ္တုကာမော ဘဝေယျ။ ဧတ္တာဝတာ ဧကာဝါသော ယာဝ
တာ ဧကသီမာ။ အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုန္တိ
ဝဒေယျ၊ တသ္မာ နဂ္ဂမ အနုညာတ ဗဟိဒ္ဓသီမာဝသေန ဧကာ
ဝါသ ပရိစ္ဆေဒေါ ဟောတိ၊ ဥပစာရသီမာဝသေနေဝ ဟော
တီတိ ဝေဒိတဗ္ဗံ။ ကထံ ဇာနိတဗ္ဗန္တိ စေ။ ပါဠိတော ဝ၊ ယ
ထာဟ၊ တေန ခေါပန သမယေန အာယသ္မာ ဥပနန္ဒော သ
ကျပုတ္တော ဧကော ဒွိသု အာဝါသေသု ဝဿံ ဝသိ။ပ။ ဧကာ
ဓိပ္ပါယန္တိ။ အညထာ ဝါသစ္ဆေဒေါတိ အနိဋ္ဌပသင်္ဂေါ။ က
ထံ၊ ဧကာဝါသဝသေနေဝ စေ သာမဂ္ဂီ၊ ဗဟုအာဝါသ အ
နာဝါသေသု န သက္ကုဏေယျ။ တတော သောတံ အာဝါသံ ဂန္တွာ
ဗဟိဒ္ဓါ ဥပေါသထံ ကရောတိ။ န ဘိက္ခဝေ တဒဟုပေါ
သထေ သဘိက္ခုကာ အာဝါသာ သဘိက္ခုကော အနာဝါ
သော ဂန္တဗ္ဗောတိအာဒိ ပါဠိဝိရောဓော။ သတိပိ သံဃေ
အနာဝါသေ ဥပေါသထဿ အကတ္တဗ္ဗတော။ အနာဝါသေ
ပိ စေ သာမဂ္ဂီ လဗ္ဘတိ၊ ဧတ္တာဝတာ သာမဂ္ဂီ။ ယာဝတာ ဧ
ကာဝါသောတိ န ဝတ္တဗ္ဗံ၊ တသ္မာ သဗ္ဗထာ ပုရိမနယော ပစ္ဆိ
မေနေဝ ပဋိက္ခိတ္တောတိ ကတွာ နာနာဝါသဝသေနပိ သာမဂ္ဂီ
လဗ္ဘတီတိ ဝေဒိတဗ္ဗံ။ ။ဝဇိရဗုဒ္ဓိဋီကာ၊ ဥပေါသထက္ခန္ဓကဖွင့်။

ကိတ္တာဝတာ နုခေါ သာမဂ္ဂီတိ ဧတ္ထဝစနေ၊ ကိတ္တာဝတာနုခေါ
သာမဂ္ဂီ-ဟူသော ဤစကား၌။ အယံ၊ ဤဆိုလတံ့သည်ကား။ အ
ဓိပ္ပါယော၊ အဓိပ္ပါယ်တည်း။ သော သာမဂ္ဂီနာမ၊ ဤသာမဂ္ဂီမည်

သည့်ကား။ သဘာဂါနံ၊ သဘောတူတို့၏။ သန္နိပါတော၊ စည်းဝေးခြင်းသည်။ သာမဂ္ဂီနာမ၊ သာမဂ္ဂီမည်၏။ ယတ္ထကာ၊ အကြင်မျှလောက်ကုန်သော။ ယေ သဟာဓမ္မိကာ၊ အကြင်သိတင်းသုံးဖော်တို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ တေ သဟာဓမ္မိကာ၊ ထိုသိတင်းသုံးဖော်တို့သည်။ သဘာဂါ စနာမ၊ သဘောတူမည်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ အာဝါသ သဘာဂတာယ၊ ကျောင်းတိုက်သဘောတူသည်၏အဖြစ်ကြောင့်။ သဘာဂါနာမ၊ သဘောတူ မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်သလော။ ဉတ္တိအယံ၊ ဤဆိုအပ်ပြီးသည့်ကား။ အဓိပ္ပါယော၊ အဓိပ္ပါယ်တည်း။ (လိုက်ပေး) တတ္ထ၊ ထိုသဘာဂ ၂-ပါးတို့တွင်။ တေ သဟာဓမ္မိကာ၊ ထိုသိတင်း သုံးဖော်တို့သည်။ သဘာဂါနာမ၊ သဘောတူ မည်ကုန်သည်။ ယဒိ ဟောန္တိ၊ အကယ်၍ဖြစ်ကုန်ငြားအံ့။ သဟာဓမ္မိကာနံ၊ သိတင်း သုံးဖော်တို့၏။ သာမဂ္ဂီ၊ သာမဂ္ဂီသည်။ သာမဂ္ဂီနာမ၊ သာမဂ္ဂီမည်သည်။ သိယာ၊ ဖြစ်ရာ၏။ အထ၊ ထိုသို့ဖြစ်သည်ရှိသော်။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ ပုထုဝိဘတ္တာနံ၊ တမြေပြင်လုံး ဝေဘန်အပ်ကုန်သော။ သဟာဓမ္မိကာနံ၊ သိတင်းသုံးဖော်တို့၏။ သာမဂ္ဂီ၊ သာမဂ္ဂီကို။ ဣစ္ဆိတဗ္ဗာ၊ လိုအပ်၏။ အာဝါသ သဘာဂတာယ၊ ကျောင်းတိုက်တူသည်၏အဖြစ်ကြောင့်။ သဘာဂါနာမ၊ သဘောတူမည်ကုန်သည်။ ယဒိ ဟောန္တိ၊ အကယ်၍ဖြစ်ကုန်ငြားအံ့။ အာဝါသထဝသေန၊ ကျောင်းတိုက်၏အစွမ်းအားဖြင့်။ သာမဂ္ဂီ၊ သာမဂ္ဂီသည်။ သာမဂ္ဂီနာမ၊ သာမဂ္ဂီမည်သည်။ သိယာ၊ ဖြစ်ရာ၏။ အထ၊ ထိုသို့ဖြစ်သည်ရှိသော်။ ဧကာဝါသ သဘာဂါနံ၊ တခုတည်းသော ကျောင်းတိုက် တူကုန်သော သဘောတူတို့၏။ သာမဂ္ဂီ၊ သာမဂ္ဂီကို။ ဣစ္ဆိတဗ္ဗာ၊ လိုအပ်၏။ တတ္ထ၊ ထို ၂-ပါးတို့တွင်။ ကိတ္တာဝတာ၊ ထိုမျှလောက်သော အဘယ်သာမဂ္ဂီသည်။ ဣစ္ဆိတဗ္ဗာ၊ မြတ်စွာဘုရားသခင် လိုတော်မူအပ်သော။ သာမဂ္ဂီ၊ သာမဂ္ဂီသည်။ ဟောတိ နုခေါ၊ ဖြစ်လေသနည်း။ ဣတိဧဝံဝစနံ၊ ဤသို့သော စကားကို။ ဗုတ္တံ-ဝတ္တုကာမော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

အညတော၊ သဘာဂသာမဂ္ဂိကိုယူအပ်သည်မှ တပါးသောအခြင်းအရာအားဖြင့်၊ အာဝါသသာမဂ္ဂီကို ယူသည်ရှိသော်။ ဧကာဝါသေ၊ တခုသောကျောင်းတိုက်၌၊ သာမဂ္ဂိ၊ သာမဂ္ဂီကို။ ဉတ္တိတဗ္ဗာ၊ လိုအပ်၏၊ ဣတိအယံ အဓိပ္ပါယော၊ ဤသို့သော အဓိပ္ပါယ်သည်။ ယတော၊ အကြင့်ကြောင့်။ အာပဇ္ဇတိ၊ ရောက်၏။ တတော၊ ထို့ကြောင့်။ မာနေ အာဂမာသိတိ၊ မာနေ အာဂမာသိ-ဟူ၍။ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောအပ်ပြီ။ (ဤသို့တည်ပါဠိနှင့်စပ်၍ပေး) မာနေ အာဂမာသိတိ၊မာနေ အာဂမာသိ-ဟူသည်ကား။ အာဂတော၊ မသွားသည်။ မာဟောတိ၊ မဖြစ်လင့်။ဧကာဝါသဂတာနံ၊တကျောင်းတိုက်တည်း၌တည်ကြကုန်သော ရဟန်းတို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ သာမဂ္ဂိ၊ သာမဂ္ဂီကို။ ပဋိက္ခိပိတွာ၊ ပယ်၍။ ဧကသီမဂတာနံ၊ တသိမ်တည်း၌တည်ကြကုန်သောရဟန်းတို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ သာမဂ္ဂိ၊ သာမဂ္ဂီကို။ အနုဇာနိတုကာမော၊ ခွင့်ပြုတော်မူလိုသော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အနုဇာနာမိ ဘိက္ခဝေ သိမံ သမ္မန္နိတုန္တိ၊ အနုဇာနာမိ ဘိက္ခဝေ သိမံ သမ္မန္နိတုံ-ဟူ၍။ အာဟ၊ မိန့်တော်မူပြီ။ ဘိက္ခဝေ၊ တို့။ သိမံ၊ သိမ်ကို။ သမ္မန္နိတုံ၊ သမုတ်ခြင်းငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်၏။ အထ၊ ထိုသို့သိမ်ကို ခွင့်ပြုတော်မူရာ၌။ အာဝါသပရိစ္ဆေဒံ၊ ကျောင်းတိုက် အပိုင်း အခြားကို။ ဝတ္တုကာမော၊ ဟောတော်မူလိုသည်။ ဘဂဝါ။ ဖြစ်ငြားအံ့။ ယာဝတာ၊ အကြင်မျှလောက်သော။ ဧကသီမာ၊ တသိမ်တည်းသည်။ အတ္ထိ ရှိ၏။ တာဝတာ၊ ထိုမျှလောက်သော ဤတသိမ်တည်းသည်။ ဧကာဝါသော၊ တခုသောကျောင်းတိုက်သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ သိမံ၊သိမ်ကို။သမ္မန္နိတုံ၊သမုတ်ခြင်းငှါ။ အနုဇာနာမိ၊ခွင့်ပြုတော်မူ၏။ ဣတိ၊ဤသို့။ ဝဒေယျ၊ ဟောတော်မူရာ၏။ တသ္မာ၊ထို့ကြောင့်။ ဣဓ၊ ဤဧကာဝါသကို ပိုင်းခြားရာ၌။ အနုညာတ ဗဒ္ဓသိမာဝသေန၊ ခွင့်ပြုတော်မူအပ်သော ဗဒ္ဓသိမ်၏အစွမ်းအားဖြင့်။ ဧကာဝါသပရိစ္ဆေဒေါ၊ ဧကာဝါသ၏အပိုင်းအခြားသည်။ န ဟောတိ၊ မဖြစ်။ ဥပစာရသိမာဝသေနေဝ၊ ဥပစာသိမ်၏အစွမ်းအားဖြင့်သာလျှင်။ ဧကာဝါသပရိစ္ဆေဒေါ၊ ဧကာဝါသ၏အပိုင်းအခြားသည်။ ဟောတိ၊ ဖြစ်

၏။ ဣတိဣမိနာ နယေန၊ ဤသို့ဆိုလတံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗံ၊သိအပ်၏။ ကထံကေန နယေန၊ အဘယ်သို့ ဆိုလတံ့သောနည်းဖြင့်။ ဇာနိတဗ္ဗံ၊သိအပ်သနည်း။ ဣတိ၊ ဤသို့။ စေ ပုစ္ဆေယျ၊ အကယ်၍မေးငြားအံ့။ ပါဠိတော၀ နယေန၊ ပါဠိတော်နည်းဖြင့်သာလျှင်။ ဇာနိတဗ္ဗံ၊ သိအပ်၏။ ဣတိ၊ ဤသို့။ ဝဒေယျ၊ ဖြေဆိုရာ၏။ ယထာ ကိံ ဝစနံ၊ အဘယ်သို့သောစကားကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူသနည်း။

တေန ခေါ ပန သမယေန အာယသ္မာ ဥပနန္ဒော သကျပုတ္တော ဧကော ဒွိသု အာဝါသေသု ဝဿံ ဝသိ ။ပ။ ဧကာဓိပ္ပါယန္တိ ။ပ။ ဧကာဓိပ္ပါယံ။-ဟူသော၊ တထာ တံဝစနံ၊ ထိုသို့သောစကားကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူပြီ။

အညတရာ၊ ဥပစာရသိမ်ကို ကောဝါသ-ယူအပ်သည်မှ၊ တပါးသော အခြင်းအရာအားဖြင့်၊ ဗဒ္ဓသိမ်, အဗဒ္ဓသိမ်ကို ကောဝါသ-ယူအပ်သည်ရှိသော်။ အာယသ္မာ ဥပနန္ဒော၊ ဒုတိယ ဗဟုအာဝါသသို့ ရောက်သော အရှင်ဥပနန္ဒသည်။ အာဝါသန္တရေ ဒေါ၊ ကောဝါသဖြစ်သည်၊ သိယာ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ ဒွိသု ပုရိမနယ, ပစ္ဆိမနယေသု၊ ရှေ့နည်း, နောက်နည်း ၂-ပါးတို့၌။ အနိဋ္ဌပသင်္ဂေါ၊ မလိုအပ်သော လင်းပါးတွယ်သည်သာလျှင်။ သမ္ပတ္တိ၊ ဖြစ်သင့်၏။ ကထံ သမ္ပတ္တိ၊ အဘယ်သို့ ဖြစ်သင့်သနည်း။ ကောဝါသ ဝသေနေဝ၊ ကောဝါသ၏အစွမ်းအားဖြင့်သာလျှင်။ သာမဂ္ဂီ၊ သာမဂ္ဂီသည်။ စေ သမ္ပဇ္ဇေယျ၊ အကယ်၍ဖြစ်ငြားအံ့။ ဗဟုအာဝါသ အနာဝါသေသု၊ ဗဟုအာဝါသ အနာဝါသတို့၌။ သာမဂ္ဂီ၊ သာမဂ္ဂီသည်။ န သမ္ပဇ္ဇေယျ၊ မဖြစ်ရာ။ တတော၊ ထို့ကြောင့်။ သော အာယသ္မာ ဥပနန္ဒော၊ ထို အရှင် ဥပနန္ဒသည်။ တံ အာဝါသံ၊ ထိုကောဝါသန္တရေဒ ဒုတိယ ဗဟုအာဝါသသို့။ ဂန္တွာ၊ ရောက်သည်ရှိသော်။ ဗဟိဒ္ဓါ အာဝါသမှအပ သဘိက္ခုကအနာဝါသ၌။ ဥပေါသထံ၊ ဥပုသ်ကိုကရောတိ၊ ပြု၏။

န ဘိက္ခဝေ တာဒဟုပေါသထေ သဘိက္ခုကာ အာဝါသာ အဘိက္ခုကော အနာဝါသော ဂန္တဗ္ဗောတိအာဒိ ပါဠိဝိရောဓော။ပ။ဂန္တဗ္ဗော-ဤသို့အစရှိသော ပါဠိနှင့်ဆန့်ကျင်သည်။ သိယာ၊ ဖြစ်ရာ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ သံဃော၊ အာဝါသ ဥပေါသထကာရက သံဃာသည်။ သတိပိ၊ ရှိလျက်လည်း။အနာဝါသေ၊ သဘိက္ခုက အနာဝါသ၌။ဥပေါသထဿ၊ ဥပုသ်ကို၊ အကတ္တဗ္ဗတော၊မပြုရခြင်းကြောင့်တည်း။ ဣတိဇေ၊ ဤသို့။ ပဋိမ နယေပိ၊ နောက်နည်း၌လည်း။ အနိဋ္ဌပသင်္ဂေါ၊မလိုအပ်သော လင်းပါးဘွယ်သည်သာလျှင်။သမ္ဘဝတိ၊ ဖြစ်သင့်၏။ ကထံ၊အဘယ်သို့လျှင်။ ပုရိမ နယေပိ၊ရှေးနည်း၌လည်း။ အနိဋ္ဌပသင်္ဂေါ၊မလိုအပ်သော လင်းပါးဘွယ်သည်သာလျှင်။ သမ္ဘဝတိ၊ ဖြစ်သင့်သနည်း။ အနာဝါသေပိ၊ သဘိက္ခုက အနာဝါသ၌လည်း။ သာမဂ္ဂီ၊ သာမဂ္ဂီကို။ စေ လဗ္ဘတိ၊ အကယ်၍ရအပ်သည်ဖြစ်အံ့။

ဗြောဝတာ သာမဂ္ဂ ယာဝတာ ကောဝါသောတိ ဣဒံဝစနံ၊ဗြောဝတာ သာမဂ္ဂီ ယာဝတာ ကောဝါသော-ဟူသောစကားကို။ ဘဂဝတာ၊မြတ်စွာဘုရားသည်။ န ဝတ္တဗ္ဗံ၊ မဟောအင်။ ဣတိဇေ၊ ဤသို့။ ပုရိမနယေပိ၊ ရှေးနည်း၌လည်း။ အနိဋ္ဌပသင်္ဂေါ၊ မလိုအပ်သော လင်းပါးဘွယ်သည်သာလျှင်။ သမ္ဘဝတိ၊ ဖြစ်သင့်၏။ ကသ္မာ၊ ထို့ကြောင့်။ သမ္ဘဝတာ၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ပုရိမနယော၊ အနုဇာနာမိ ဘိက္ခဝေ ဗြောဝတာ သာမဂ္ဂီ ယာဝတာ ကောဝါသော-ဟူသော ရှေးနည်းကို။ ပဋိမေနေဝ၊ အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ- ဟူသော နောက်နည်းဖြင့်သာလျှင်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ပဋိက္ခိတ္တော၊ ပယ်တော်မူအပ်ပြီ။ ဣတိကတွာ၊ ဤသို့နောက်နည်းဖြင့် ရှေးနည်းကို ပယ်တော်မူအပ်သော အကြောင်းကြောင့်။ နာနာဝါသဝသေနပိ၊ ကောဝါသ, ဗဟုအာဝါသ အထူးထူးသောအာဝါသတို့၏အစွမ်းအားဖြင့်သည်း။ သာမဂ္ဂီ၊ သာမဂ္ဂီကို။ လဗ္ဘတိ၊ ရအပ်၏။ န အနာဝါသဝသေနပိ၊အာဝါသ၏အစွမ်း, အနာဝါသ၏အစွမ်းအားဖြင့်လည်း။ သာမဂ္ဂီ၊ သာမဂ္ဂီကို။ လဗ္ဘတိ၊ ရအပ်

၏။ ဣတိ ဣမိနာ ပါဠိပ္ပဒေသေန နယေန၊ ဤသို့ဆိုအပ်ခဲ့ပြီးသော ပါဠိတော်နည်းဖြင့်သာလျှင်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။ဝဇိရဗုဒ္ဓိဋီကာ ဥပေါသထက္ခန္ဓက အဖွင့်အနက်။

## မဟာဝါပါဠိတော် ဥပေါသထက္ခန္ဓကကို ကိုး၍ပြခြင်း

တေန ခေါ ပန သမယေန ရာဇဂဟေ သမ္ဗဟုလာ အာဝါသာ သမာနသီမာ ဟောန္တိ။ပ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ပ။ တေနဟိ ဘိက္ခဝေ ဘိက္ခူဟိ သဗ္ဗေဟေဝ ဧကဇ္ဈံ သန္နိပတိတွာ ဥပေါသထော ကာတဗ္ဗော။ ယတ္ထ ဝါ ပန ထေရော ဘိက္ခု ဝိဟရတိ၊ တတ္ထ သန္နိပတိတွာ ဥပေါသထော ကာတဗ္ဗော၊ နတွေဝ ဝဂ္ဂေန သံဃေန ဥပေါသထော ကာတဗ္ဗော၊ ယော ကရေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ။

အထခေါ ဘိက္ခူနံ ဧတဒဟောသိ။ ကတိနုခေါ ဥပေါသထကမ္မာနီတိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ စတ္တာရိမာနိ ဘိက္ခဝေ ဥပေါသထကမ္မာနိ။ အဓမ္မေန ဝဂ္ဂံ ဥပေါသထကမ္မံ၊ အဓမ္မေန သမဂ္ဂံ ဥပေါသထကမ္မံ၊ ဓမ္မေန ဝဂ္ဂံ ဥပေါသထကမ္မံ၊ ဓမ္မေန သမဂ္ဂံ ဥပေါသထကမ္မန္တိ။ပ။ တတြ ဘိက္ခဝေ ယဒိဒံ ဓမ္မေန သမဂ္ဂံ ဥပေါသထကမ္မံ။ ဧဝရူပံ ဘိက္ခဝေ ဥပေါသထကမ္မံ ကာတဗ္ဗံ၊ ဧဝရူပဉ္စ မယာ ဥပေါသထကမ္မံ အနုညာတံ။

**အနုဇာနာမိ ဘိက္ခဝေ စတုန္နံ ပါတိမောက္ခံ ဥဒ္ဒိသိတုန္တိ။**

**အနုဇာနာမိ ဘိက္ခဝေ တိဏ္ဏံ ပါရိသုဒ္ဓိ ဥပေါသထံ ကာတုံ။**

**အနုဇာနာမိ ဘိက္ခဝေ ဒွိန္နံ ပါရိသုဒ္ဓိ ဥပေါသထံ ကာတုံ။**

တေန ခေါ ပန သမယေန အညတရသ္မိံ အာဝါသေ တဒဟုပေါသထေ ဧကော ဘိက္ခု ဝိဟရတိ။ အထခေါ တဿ ဘိက္ခုနော ဧတဒဟောသိ။ ဘဂဝတာ အနုညာတံ စတုန္နံ ပါတိမောက္ခံ ဥဒ္ဒိသိတုံ၊ တိဏ္ဏံ ပါရိသုဒ္ဓိ ဥပေါသထံ ကာတုံ၊

ဒိန္နံ ပါရိသုဒ္ဓိ ဥပေါသထံ ကာတုံ၊ အဟဉ္စမှိ ဂိလာနော၊ ကထံ နု ခေါ မယာ ဥပေါသထော ကာတဗ္ဗောတိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ ဣဓ ပန ဘိက္ခဝေ အညတရသ္မိံ အာဝါသေ တဒဟုပေါသထေ ဧကော ဘိက္ခု ဝိဟရတိ။ တေန ဘိက္ခဝေ ဘိက္ခုနာ ယတ္ထ ဘိက္ခူ ပဋိက္ကမန္တိ ဥပဋ္ဌာနသာလာယ ဝါ မဏ္ဍပေ ဝါ ရုက္ခမူလေ ဝါ၊ သော ဒေသော သမ္မဇ္ဇိတွာ ပါနီယံ ပရိဘောဇနီယံ ဥပဋ္ဌပေတွာ အာသနံ ပညပေတွာ ပဒီပံ ကတွာ နိသီဒိတဗ္ဗံ။ သစေ အညေ ဘိက္ခူ အာဂစ္ဆန္တိ၊ တေဟိ သဒ္ဓိံ ဥပေါသထော ကာတဗ္ဗော။ နော စေ အာဂစ္ဆန္တိ၊ အဇ္ဇ မေ ဥပေါသထောတိ အဓိဋ္ဌာတဗ္ဗော၊ နော စေ အဓိဋ္ဌဟေယျ၊ အာပတ္တိ ဒုက္ကဋဿ။

တတြ ဘိက္ခဝေ ယတ္ထ စတ္တာရော ဘိက္ခူ ဝိဟရန္တိ၊ န ဧကဿ ပါရိသုဒ္ဓိံ အာဟရိတွာ တီဟိ ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ၊ ဥဒ္ဒိသေယျုံ စေ၊ အာပတ္တိ ဒုက္ကဋဿ။ တတြ ဘိက္ခဝေ ယတ္ထ တယော ဘိက္ခူ ဝိဟရန္တိ၊ န ဧကဿ ပါရိသုဒ္ဓိံ အာဟရိတွာ ဒွီဟိ ပါရိသုဒ္ဓိ ဥပေါသထော ကာတဗ္ဗော၊ ကရေယျုံ စေ၊ အာပတ္တိ ဒုက္ကဋဿ။ တတြ ဘိက္ခဝေ ယတ္ထ ဒွေ ဘိက္ခူ ဝိဟရန္တိ၊ န ဧကဿ ပါရိသုဒ္ဓိံ အာဟရိတွာ ဧကေန အဓိဋ္ဌာတဗ္ဗော၊ အဓိဋ္ဌဟေယျုံ စေ၊ အာပတ္တိ ဒုက္ကဋဿ။ ။

မဟာဝါပါဠိတော် ဥပေါသထက္ခန္ဓက။

တေန ခေါ ပန သမယေန၊ ထိုအခါ၌။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ သမ္ဗဟုလာ၊ များစွာကုန်သော။ အာဝါသာ၊ ကျောင်းတိုက်တို့သည်။ သမာန သီမာ၊ တူသောသိမ်ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပ။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ထိုအကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ ပ။ ဘိက္ခဝေ၊ တို့။ တေနဟိ၊ ထိုသို့ သိမ်တူကြသဖြင့်။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ သဗ္ဗေဟေဝ၊ အလုံးစုံ အကုန်တို့သည်သာလျှင်။ ဧကဇ္ဈံ၊ တပေါင်းတည်း။ သန္နိပတိတွာ၊ စည်းဝေးကုန်၍။ ဥပေါသထော၊ ဥပုသ်ကို။ ကာတဗ္ဗော၊

ပြုအပ်၏၊ ဝါပန၊ တနည်းသော်ကား၊ ယတ္ထ အာဝါသေ၊ အကြင်ကျောင်းတိုက်၌၊ ထေရော၊ မထေရ်ဖြစ်သော၊ ဘိက္ခု၊ ရဟန်းသည်၊ ဝိဟရတိ၊ နေ၏။ တတ္ထ အာဝါသေ၊ ထိုကျောင်းတိုက်၌၊ သန္နိပတိတွာ၊ စည်းဝေးကြကုန်၍၊ ဥပေါသထော၊ ဥပုသ်ကို၊ ကာတဗ္ဗော၊ ပြုအပ်၏။ ဝဂ္ဂေန၊ ဝဂ်ဖြစ်သော၊ သံဃေန၊ သံဃာသည်။ ဥပေါသထော၊ ဥပုသ်ကို၊ နကတ္တဗ္ဗော၊ ကာတဗ္ဗော၊ မပြုအပ်သည် သာလျှင်တည်း၊ ယော သံဃော၊ အကြင်သံဃာသည်၊ ကရေယျ၊ ပြုငြားအံ့၊ တဿ သံဃဿ၊ ထိုသံဃာအား၊ ဒုက္ကဋဿ၊ ဒုက္ကဋ် အာဝတ်သို့၊ အာပတ္တိ အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ။ ဤဝတ္ထုဖြင့် တသိမ်တည်း၌၊ သမာန သံဝါသက သံဃာ ၂-ဦး တပြိုင်နက်ငှင်း, ရှေ့နောက်ငှင်း ဥပုသ်မပြုအပ်ဟု သိသာ၏။

အထခေါ၊ ထိုအခါ၌၊ ဘိက္ခူနံ၊ ရဟန်းတို့အား၊ ဧတံ၊ ဤအကြံသည်၊ အဟောသိ၊ ဖြစ်၏။ ဥပေါသထကမ္မာနိ၊ ဥပုသ်ကံတို့သည်၊ ကတိနုခေါ၊ အဘယ်မျှတို့နည်း၊ ဣတိဧတံ၊ ဤအကြံသည်၊ အဟောသိ၊ ဖြစ်၏။ ဘဂဝတော၊ မြတ်စွာဘုရားအား၊ ဧတမတ္ထံ၊ ထိုအကြောင်းကို၊ အာရောစေသုံ၊ ကြားလျှောက်ကုန်၏၊ ဘိက္ခဝေ၊ တို့၊ ဥပေါသထကမ္မာနိ၊ ဥပုသ်ကံတို့သည်၊ စတ္တာရိ မာနိ စတ္တာရိ၊ ဤလေးပါးတို့တည်း၊ကတမာနိ စတ္တာရိ၊ အဘယ်လေးပါးတို့နည်း။အဓမ္မေနဝဂ္ဂံ၊ အဓမ္မေနဝဂ္ဂဖြစ်သော၊ ဥပေါသထကမ္မံ၊ ဥပုသ်ကံငှင်း၊ အဓမ္မေန သမဂ္ဂံ၊အဓမ္မေန သမဂ္ဂဖြစ်သော၊ဥပေါသထကမ္မံ၊ဥပုသ်ကံငှင်း၊ဓမ္မေန ဝဂ္ဂံ၊ ဓမ္မေန ဝဂ္ဂဖြစ်သော၊ ဥပေါသထကမ္မံ၊ ဥပုသ်ကံငှင်း၊ ဓမ္မေန သမဂ္ဂံ၊ ဓမ္မေန သမဂ္ဂဖြစ်သော၊ ဥပေါသထကမ္မံ၊ ဥပုသ်ကံငှင်း၊ ဣတိ ဣမာနိ စတ္တာရိ၊ ဤလေးပါးတို့တည်း။ပ။ဘိက္ခဝေ၊ တို့၊တတြ၊ ထိုလေးပါးသော ဥပုသ်ကံတို့တွင်။ ယဒိဒံ-ယံဣဒံ ဥပေါသထကမ္မံ၊ အကြင်ဥပုသ်ကံသည်၊ဓမ္မေန သမဂ္ဂံ၊ ဓမ္မေန သမဂ္ဂဖြစ်၏၊ ဘိက္ခဝေ၊ တို့၊ ဧဝရူပံ၊ ဤသို့သဘောရှိသော၊ ဥပေါသထကမ္မံ၊ ဥပုသ်ကံကို၊ ကာတဗ္ဗံ၊ ပြုအပ်၏၊ ဧဝရူပဉ္စ ဥပေါသထကမ္မံ၊ ဤသို့သဘောရှိသော ဥပုသ်ကံကိုလည်း။ မယာ၊ ငါဘုရားသည်။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်၏၊

ဘိက္ခဝေ၊ တို့၊ စတုန္နံ၊ လေးယောက်သော ရဟန်းတို့အား၊ ပါတိမောက္ခံ၊ ပါတိမောက်ကို၊ ဥဒ္ဒိသိတုံ၊ ပြခြင်းငှါ၊ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

ဘိက္ခဝေ၊ တို့။ တိဏ္ဏံ၊ သုံးယောက်သော ရဟန်းတို့အား။ ပါရိသုဒ္ဓိ ဥပေါသထံ၊ ပါရိသုဒ္ဓိ ဥပုသ်ကို၊ ကာတုံ၊ ပြုခြင်းငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

ဘိက္ခဝေ၊ တို့။ ဒွိန္နံ၊ နှစ်ယောက်သော ရဟန်းတို့အား။ ပါရိသုဒ္ဓိ ဥပေါသထံ၊ ပါရိသုဒ္ဓိဥပုသ်ကို၊ ကာတုံ၊ ပြုခြင်းငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

တေနခေါပန သမယေန၊ ၌။ အညတရသ္မိံ အာဝါသေ၊ တခုသော ကျောင်းတိုက်၌။ တဒဟုပေါသထေ၊ ထိုနေ့ ဥပုသ်၌။ ဧကော၊ တယောက်သော။ ဘိက္ခု၊ ရဟန်းသည်။ ဝိဟရတိ၊ နေ၏။ အထခေါ၊ ထိုသို့နေသောအခါ၌။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဧတံ၊ ဤသို့သောအကြံသည်။ အဟောသိ၊ ဖြစ်၏၊ ဘဂဝတာ၊ မြတ်စွာဘုရားသည်၊ စတုန္နံ၊ လေးယောက်သော ရဟန်းတို့အား၊ ပါတိမောက္ခံ၊ ပါတိမောက်ကို၊ ဥဒ္ဒိသိတုံ၊ ပြခြင်းငှါ။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်ပြီ၊ တိဏ္ဏံ၊ သုံးယောက်သောရဟန်းတို့အား၊ ပါရိသုဒ္ဓိ ဥပေါသထံ၊ ပါရိသုဒ္ဓိ ဥပုသ်ကို။ ကာတုံ၊ ပြုခြင်းငှါ။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်ပြီ၊ ဒွိန္နံ၊ နှစ်ယောက်သောရဟန်းတို့အား၊ ပါရိသုဒ္ဓိ ဥပေါသထံ၊ ပါရိသုဒ္ဓိဥပုသ်ကို။ ကာတုံ၊ ပြုခြင်းငှါ။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်ပြီ။ အဟံခေါ၊ ငါသည်လည်း၊ ဧကကော၊ တယောက်ထီးတည်းသည်၊ အမှိ၊ ဖြစ်၏၊ ကထံနုခေါ၊ အဘယ်သို့လျှင်၊ မယာ၊ ငါသည်၊ ဥပေါသထော၊ ဥပုသ်ကို၊ ကာတဗ္ဗော၊ ပြုအပ်လေသနည်း၊ ဣတိ ဧတံ၊ ဤအကြံသည်၊ အဟောသိ၊ ဖြစ်၏၊ ဘဂဝတော၊ မြတ်စွာဘုရားအား၊ ဧတမတ္ထံ၊ ဤအကြောင်းကို၊ အာရောစေသိ၊ ကြားလျှောက်၏၊ ဘိက္ခဝေ၊ တို့၊ ဣဓပနဌာနေ၊ ဤသို့မေးလျှောက်ရာ၌၊ အညတရသ္မိံ အာဝါသေ၊ တခုသောကျောင်းတိုက်၌၊ တဒဟုပေါသ

ထေ၊ ထိုနေ့ဥပုသ်၌။ ဧကော၊ တယောက်သော။ ဘိက္ခု၊ ရဟန်းသည်။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ တို့။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ ယတ္ထ၊ အကြင်အရပ်သို့။ ဘိက္ခူ၊ ရဟန်းတို့သည်။ ပဋိက္ကမန္တိ၊ လာတတ်ကုန်၏။ ဥပဋ္ဌာန သာလာယဝါ၊ ဆည်းကပ်ခစားရာ ဇရပ်သို့ရင်း။ မဏ္ဍပေဝါ၊ မဏ္ဍပ်သို့ရင်း။ ရုက္ခမူလေဝါ၊ သစ်ပင်ရင်းသို့ရင်း။ ပဋိက္ကမန္တိ၊ လာတတ်ကုန်၏။ သော ဒေသော၊ ထိုလာတတ်သော အရပ်ကို။ သမ္မဇ္ဇိတွာ၊ တံမြက်လှည်း၍။ ပါနီယံ၊ သောက်ရေကို။ ပရိဘောဇနီယံ၊ သုံးဆောင်ရေကို။ ဥပဋ္ဌာပေတွာ၊ တည့်ထား၍။ အာသနံ၊ နေရာကို။ ပညပေတွာ၊ ခင်း၍။ ပဒီပံ၊ မီးထွန်းခြင်းကို။ ကတွာ၊ ပြု၍။ နိသီဒိတဗ္ဗံ၊ စောင့်နေအပ်၏။ အညေ၊ တပါးကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ သစေ အာဂစ္ဆန္တိ၊ အကယ်၍လာကြကုန်သည်ဖြစ်အံ့။ တေဟိ၊ ထိုလာကြကုန်သော ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဥပေါသထော၊ ဥပုသ်ကို။ ကာတဗ္ဗော၊ ပြုအပ်၏။ နော စေ အာဂစ္ဆန္တိ၊ အကယ်၍မလာကြကုန်သည်ဖြစ်အံ့။ အဇ္ဇ၊ ယနေ့။ မေ၊ ငါ၏။ ဥပေါသထော၊ ဥပုသ်တည်း။ ဣတိ၊ ဤသို့။ အဓိဋ္ဌာတဗ္ဗော၊ အဓိဋ္ဌာန်အပ်၏။ နော စေ အဓိဋ္ဌဟေယျ၊ အကယ်၍မဓိဋ္ဌာန်ငြားအံ့။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ အာဗ္ဗနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ။ဤကား အနက်။

## ဥပုသ်ပြုသော ကာလအချိန်ခေတ်ကို ပြခြင်း

သစေ အညေ ဘိက္ခူ အာဂစ္ဆန္တိ၊ တေဟိ သဒ္ဓိံ ဥပေါသထော ကာတဗ္ဗော။ နော စေ အာဂစ္ဆန္တိ၊ အဇ္ဇ မေ ဥပေါသထောတိ အဓိဋ္ဌာတဗ္ဗော။-ဟူသော ပါဠိဖြင့်၊ ဥပုသ်ပြုသောကာလ, ဥပုသ်ပြုသော အချိန်, ဥပုသ်ပြုသောခေတ်ကို ပြသောကြောင့်၊ ဥပုသ်ပြုခြင်း၌ စည်းဝေးသော ကာလမှ စ၍၊ ဥပုသ်ပြုပြီးသော ကာလ အဆုံး တိုင်အောင်၊ အစ, အဆုံး ၂-ခုတို့၏ တခုသော အကြားကာလကို၊ တဒဟုပေါသထေ၏ အရဖြစ်သော ထိုနေ့ဥပုသ်ဟုယူသော်၊ သင့်မည် ထင်၏။

ဥပုသ်ပြုခြင်း၌ စည်းဝေးသည်မှ ရှေ့အတွက်ဖြစ်သော ကာလ၊ ဥပုသ်ပြုပြီးသည်မှ နောက်အတွက်ဖြစ်သော ကာလ ၂-ပါးကို၊ တဒဟုပေါသထေ၏ အရဖြစ်သော ထိုနေ့ဥပုသ်ဟုယူသော်၊ သင့်မည်မထင်။

ဥပုသ်ပြုခြင်း၌ စည်းဝေးသည်မှ ရှေ့အတွက်ဖြစ်သော ကာလ၊ ဥပုသ်ပြုပြီးသည်မှ နောက်အတွက်ဖြစ်သော ကာလ ၂-ပါးသည်၊ ဥပုသ်ပြုဆဲ မဟုတ်သောကြောင့်၊ ပြုအပ်သော ဥပုသ်ကို ပြုသောကာလမှလည်း လွတ်၏။ မပြုအပ်သော ဥပုသ်ကို ပြုသောကာလမှလည်း လွတ်၏။

## သိမ်အပြင်၌ ပုဗ္ဗကရဏအကြောင်းကို ပြခြင်း

တေန ဘိက္ခဝေ ဘိက္ခုနာ ယဿ ဘိက္ခူ ပဋိက္ကမန္တိ ဥပဒ္ဒါန သာလာယဝါ မဏ္ဍပေဝါ ရုက္ခမူလေဝါ၊ သောဒေသော သမ္မဇ္ဇိတွာ ပါနီယံ ပရိဘောဇနီယံ ဥပဋ္ဌာပေတွာ အာသနံ ပညပေတွာ ပဒီပံ ကတွာ နိသီဒိတဗ္ဗံ။-ဟူသောပါဠ်ဖြင့် လေးပါးသောကိစ္စ သိမ်အပြင်၌ပြုအပ်သော ပုဗ္ဗကရဏကိုပြသောကြောင့်၊ ဥပုသ်ပြုရာဌာန တသိမ်ထည်း၌ ရောက်လာကြ, နေထိုင်ကြသော လေးပါးသောရဟန်းအား ပါတိမောက်ပြခြင်း၌၊ သုံးပါးသောရဟန်း, ၂-ပါးသောရဟန်းအား ပါရိသုဒ္ဓိဥပုသ်ပြုခြင်း၌၊ တပါးသောရဟန်းအား အဓိဋ္ဌာန်ဥပုသ်ပြုခြင်း၌၊ ပြုအပ်သောဥပုသ်ကို ခွင့်ပြုတော်မူ၏၊ မပြုအပ်သောဥပုသ်ကို ပယ်တော်မူ၏ဟုယူသော်၊ သင့်မည်ထင်၏။

ဥပုသ်ပြုရာဌာန သိမ်မှအပ အာဝါသ၏အရဖြစ်သော တခုသော ကျောင်းတိုက်၌၊ ဥပုသ်နေ့နှင့်တွေ့ကြိမ်ကာမျှ ရောက်လာကြ, နေထိုင်ကြသော၊ ၄-ပါးသောရဟန်း, ၃-ပါးသောရဟန်း, ၂-ပါးသောရဟန်း, တပါးသောရဟန်းအား ပြုအပ်သောဥပုသ်ကိုခွင့်ပြုတော်မူ၏၊ မပြုအပ်သောဥပုသ်ကို ပယ်တော်မူ၏ဟုယူသော်၊ သင့်မည်မထင်ပေ။

အဘယ့်ကြောင့် သင့်မည်မထင်ပေသနည်း၊ ဥပုသ်ပြုရာဌာန ဗဒ္ဓသိမ်မှအပ အာဝါသ၏အရဖြစ်သော၊ တခုခုသောကျောင်းတိုက်

အဗဒ္ဓဂါမသိမ်၏ ကံပြုခြင်း၌ မထိုက်သော ဝိပ္ပတ္တိသိမ် ၂၁-လုံးနှင့် သက္ကဋာအားဖြင့်တူသည်၏ အဖြစ်ကြောင့်၊ သင့်မည်မထင်ပေ။

သီမတော ဝိပ္ပတ္တိယံ ပန အတိခုဒ္ဒကသီမာနာမ ယာ ဧကဝီသတိ ဘိက္ခူ န ဂဏှာတိ။ ကုရုန္ဒိယံ ပန ယတ္ထ ဧကဝီသတိ ဘိက္ခူ နိသီဒိတုံ န သက္ကောန္တိ ဣဒံ ဝုတ္တံ။ တသ္မာ ယာ ဧဝရူပါ သီမာ၊ အယံ သမ္မတာပိ အသမ္မတာ၊ ဂါမခေတ္တသဒိသာဝ ဟောတိ၊ တတ္ထ ကတံ ကမ္မံ ကုပ္ပတိ။ ဧသေဝနယော သေသသီမာသုပိ။ ။ပရိဝါ ကမ္မဝဂ္ဂ အဋ္ဌကထာ။

ဂါမသိမ်သည် ဗဒ္ဓသိမ်နှင့် အလားတူ၏ဟု၊ အဋ္ဌကထာဆရာ သည်ပင် မိန့်တော်မူအပ်လျက်၊ အဘယ့်ကြောင့် ဂါမသိမ်၌ကံပြုခြင်း၌ မထိုက်ဟု ဆိုပေသနည်း။ ဂါမသိမ်၌ သိမဋ္ဌကသံဃာကို သုမ်သင်ခြင်း၌ မတတ်ကောင်းသောကြောင့်၊ ဂါမသိမ်၌ကံပြုခြင်း၌ မထိုက်ဟုဆိုပေသည်။

ပြုအပ်သော ကံမည်သည်ကား၊ သိမဋ္ဌက သံဃာကို သုမ်သင်၍၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကိုဆောင်၍၊ ညီညွတ်သော သံဃာ၏ အလိုအားဖြင့် ပြုအပ်သော်သာလျှင် ကံမည်၏။

အပလောကနကမ္မံ နာမ သီမဋ္ဌကသံဃံ သောဓေတွာ ဆန္ဒာရဟာနံ ဆန္ဒံ အာဟရိတွာ သမဂ္ဂဿ သံဃဿ အနုမတိယာ တိက္ခတ္တုံ သာဝေတွာ ကတ္တဗ္ဗံ ကမ္မံ။ ဉာတ္တိကမ္မံ နာမ ဝုတ္တနယေနေဝ သမဂ္ဂဿ သံဃဿ အနုမတိယာ ဧကာယ ဉာတ္တိယာ ကတ္တဗ္ဗံ ကမ္မံ။ ။ပရိဝါ ကမ္မဝဂ္ဂ အဋ္ဌကထာ။

မညီမညွတ်သော ဂိုဏ်း, ပုဂ္ဂိုလ်, သံဃာ ပြုအပ်သောကံသည်၊ ကံလည်းမမည်၊ အာပတ်လည်းသင့်၏။

ဘိက္ခဝေ၊ တို့။ ယတ္ထသိမ ဒေသေ၊ အကြင်သိမ်အရပ်၌။ စတ္တာ ရော၊ လေးယောက်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဝိဟရန္တိ၊ နေကြကုန်၏။ တတ္ထ သိမဒေသေ၊ ထိုသိမ်အရပ်၌။ ဧကဿ၊ တယောက်သော ရဟန်း၏။ ပါရိသုဒ္ဓိံ၊ ပါရိသုဒ္ဓိကို။ အာဟရိတွာ၊ ဆောင်စေ၍။ တီဟိ၊ သုံးယောက်သောရဟန်းတို့သည်။ ပါတိမောက္ခံ၊ ပါတိမောက်ကို။ န ဥဒ္ဒိသိတဗ္ဗံ၊ မပြအပ်။ စေ ဥဒ္ဒိသေယျုံ၊ အကယ်၍ ပြကုန်ငြားအံ့။ ဒုက္ကဋဿ၊ ဒုက္ကဋ် အာပတ်သို့။ အာပတ္တိအာ ပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ ယတ္ထ သိမဒေသေ၊ ၌။ တယော ဘိက္ခူ၊ တို့သည်။ ဝိဟရန္တိ၊ ကုန်၏။ တတ္ထ သိမဒေသေ၊ ၌။ တယော ဘိက္ခူ၊ တို့သည်။ ဝိဟရန္တိ၊ ကုန်၏။ တတ္ထ သိမဒေသေ၊ ၌။ ဧကဿ၊ ၏။ ပါရိသုဒ္ဓိံ၊ ကို။ အာဟရိတွာ၊ ၍။ ဒွီဟိ၊ တို့သည်။ ပါရိသုဒ္ဓိ ဥပေါသထော၊ ကို။ န ကာတဗ္ဗော၊ မပြုအပ်။ စေ ကရေယျုံ၊ အကယ်၍ ပြုကုန်ငြားအံ့။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ အာပဇ္ဇနံ၊ သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ ယတ္ထ သိမဒေသေ၊ ၌။ ဒွေ ဘိက္ခူ၊ တို့သည်။ ဝိဟရန္တိ၊ ကုန်၏။ တတ္ထ သိမဒေသေ၊ ၌။ ဧကဿ၊ ၏။ ပါရိသုဒ္ဓိံ၊ ကို။ အာဟရိတွာ၊ ၍။ ဧကေန၊ တယောက်သော ရဟန်းသည်။ န အဓိဋ္ဌာတဗ္ဗော၊ မဓိဋ္ဌာန်အပ်။ စေ အဓိဋ္ဌဟေယျ၊ အကယ်၍ အဓိဋ္ဌာန်ငြားအံ့။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ အာပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏။ ။မဟာဝါ ပါဠိတော် ဥပေါသထက္ခန္ဓက အနက်။

## ဥပေါသထက္ခန္ဓက အဋ္ဌကထာ, ဋီကာတို့ကို ကိုး၍ပြခြင်း

အဓမ္မေန ဝဂ္ဂန္တိအာဒီသု သစေ ဧကသ္မိံ ဝိဟာရေ စတူသု ဘိက္ခူသု ပသန္နေသု ဧကဿ ဆန္ဒ ပါရိသုဒ္ဓိံ အာဟရိတွာ တယော ပါရိသုဒ္ဓိံ ဥပေါသထံ ကရောန္တိ၊ တီသု ဝါ ဝသန္တေသု ဧကဿ ဆန္ဒ ပါရိသုဒ္ဓိံ အာဟရိတွာ ဒွေ ပါတိမောက္ခံ ဥဒ္ဒိသန္တိ၊ အဓမ္မေန ဝဂ္ဂံ ဥပေါသထကမ္မံ ဟောတိ။ သစေ ပန စတ္တာရောပိ သန္နိပတိတွာ ပါရိသုဒ္ဓိ ဥပေါသထံ ကရောန္တိ၊ တယော ဝါ ဒွေ ဝါ ပါတိမောက္ခံ ဥဒ္ဒိသန္တိ၊ အ-

ခမ္ဘေန သမဂ္ဂံ နာမ ဟောတိ။ သစေ စတူသု ဇနေသု ဧကဿ ပါရိသုဒ္ဓိံ အာဟရိတွာ တယော ပါတိမောက္ခံ ဥဒ္ဒိသန္တိ၊ တီသု ဝါ ဇနေသု ဧကဿ ပါရိသုဒ္ဓိံ အာဟရိတွာ ဒွေ ပါရိသုဒ္ဓိ ဥပေါသထံ ကရောန္တိ၊ ခမ္ဘေန ဝဂ္ဂံ နာမ ဟောတိ။ သစေ ပန စတ္တာရော ဧကတ္ထ ဝသန္တာ သဗ္ဗေဝ သန္နိပတိတွာ ပါတိမောက္ခံ ဥဒ္ဒိသန္တိ၊ တယော ပါရိသုဒ္ဓိဥပေါသထံ ကရောန္တိ၊ ဒွေ အညမညံ ပါရိသုဒ္ဓိဥပေါသထံ ကရောန္တိ၊ ခမ္ဘေန သမဂ္ဂံ နာမ ဟောတီတိ။ ။ဥပေါသထက္ခန္ဓကဋ္ဌကထာ။

အခမ္ဘေန ဝဂ္ဂန္တိ အာဒီသု၊ အခမ္ဘေန ဝဂ္ဂံ- ဤသို့အစရှိသည်တို့၌။ ဧကသ္မိံ ဝိဟာရေ၊ တခုသောကျောင်းတိုက်၌။ စတူသု ဘိက္ခူသု၊ လေးယောက်သော ရဟန်းတို့သည်။ ဝသန္တေသု၊ နေကြကုန်သည်ရှိသော်။ ဧကဿ၊ တယောက်သောရဟန်း၏။ ဆန္ဒပါရိသုဒ္ဓိံ၊ ဆန္ဒပါရိသုဒ္ဓိကို။ အာဟရိတွာ၊ ဆောင်စေ၍။ တယော၊ သုံးယောက်သော ရဟန်းတို့သည်။ ပါရိသုဒ္ဓိဥပေါသထံ၊ ပါရိသုဒ္ဓိဥပုသ်ကို။ သစေ ကရောန္တိ၊ အကယ်၍ပြုကြကုန်သည်ဖြစ်အံ့။ ဝါ၊ တနည်း။ တီသု ဘိက္ခူသု၊ တို့သည်။ ဝသန္တေသု၊ နေကြကုန်သည်ရှိသော်။ ဧကဿ၊ ၏။ ဆန္ဒပါရိသုဒ္ဓိံ၊ ကို။ အာဟရိတွာ၊ ၍။ ဒွေ၊ နှစ်ယောက်သောရဟန်းတို့သည်။ ပါတိမောက္ခံ၊ ပါတိမောက်ကို။ သစေ ဥဒ္ဒိသန္တိ၊ အကယ်၍ပြုကြကုန်သည်ဖြစ်အံ့။ ဥပေါသထကမ္မံ၊ ဥပုသ်ကံသည်။ အခမ္ဘေန ဝဂ္ဂံ၊ အခမ္ဘေန ဝဂ္ဂကံမည်သည်။ ဟောတိ၊ ဖြစ်၏။ စတ္တာရောပိ ဘိက္ခူ၊ တို့သည်လည်း။ သန္နိပတိတွာ၊ စည်းဝေးကုန်၍။ ပါရိသုဒ္ဓိဥပေါသထံ၊ ကို။ သစေ ပန ကရောန္တိ၊ ကုန်အံ့။ တယော ဝါ ဒွေ ဝါ ဘိက္ခူ၊ တို့သည်လည်း။ ပါတိမောက္ခံ၊ ကို။ သစေ ပန ဥဒ္ဒိသန္တိ၊ အကယ်၍ပြုကြကုန်အံ့။ ဥပေါသထကမ္မံ၊ ဥပုသ်ကံသည်။ အခမ္ဘေန သမဂ္ဂံ နာမ၊ အခမ္ဘေန သမဂ္ဂကံ မည်သည်။ ဟောတိ၊ ဖြစ်၏။ စတူသု ဇနေသု၊ လေးယောက်သော ရဟန်းတို့သည်။ ဝသန္တေသု၊ သော်။ ဧကဿ၊ ၏။ ပါရိသုဒ္ဓိံ၊ ကို။ အာဟရိတွာ၊ ၍။ တယော ဘိက္ခူ၊ တို့သည်။ ပါတိမောက္ခံ၊ ကို။ သစေ ဥဒ္ဒိသန္တိ၊ ကုန်အံ့။ ဝါ၊

တနည်း။ တီသု ဇနေသု၊ တို့သည်။ ဝသန္တေသု၊ နေကြကုန်သည်ရှိသော်။ ဧကဿ၊ တယောက်သောရဟန်း၏။ ပါရိသုဒ္ဓိံ၊ ပါရိသုဒ္ဓိကို။ အာဟရိတွာ၊ ဆောင်၍။ ဒွေ ဘိက္ခူ၊ တို့သည်။ ပါရိသုဒ္ဓိ ဥပေါသထံ၊ ပါရိသုဒ္ဓိ ဥပုသ်ကို။ သစေ ကရေယျုံ၊ အကယ်၍ပြုကြကုန်အံ့။ ဥပေါသထကမ္မံ၊ ဥပုသ်ကံသည်။ ဓမ္မေန ဝဂ္ဂံ နာမ။ ဓမ္မေန ဝဂ္ဂကံမည်သည်။ ဟောတိ၊ ဖြစ်၏။ စတ္တာရော ဘိက္ခူ၊ တို့သည်။ ဧကတ္တ၊ တသိမ်ထည်း တနေရာတည်း၌။ ဝသန္တာ၊ နေကြကုန်သည်ရှိသော်။ သမဂ္ဂါ၊ အလုံးစုံအကုန်သာလျှင်။ သန္နိပတိတွာ၊ စည်းဝေး၍၊ ပါတိမောက္ခံ၊ ပါတိမောက်ကို။ သစေပန ဥဒ္ဒိသန္တိ၊ အကယ်၍ ပြကြကုန်သည်ဖြစ်အံ့။ တယော ဘိက္ခူ၊ သုံးယောက်သောရဟန်းတို့သည်။ ဧကတ္တ၊ တသိမ်တည်း တနေရာတည်း၌။ ဝသန္တာ၊ နေကြကုန်သည်ရှိသော်။ သမဂ္ဂါ၊ အလုံးစုံသော ရဟန်းတို့သည်သာလျှင်၊ သန္နိပတိတွာ၊ စည်းဝေး၍။ ပါရိသုဒ္ဓိ ဥပေါသထံ၊ ပါရိသုဒ္ဓိဥပုသ်ကို။ သစေပန ကရေယျုံ၊ အကယ်၍ ပြုကြကုန်သည်ဖြစ်အံ့။ ဒွေ ဘိက္ခူ၊ နှစ်ယောက်သော ရဟန်းတို့သည်။ ဧကတ္တ၊ တသိမ်တည်း တနေရာတည်း၌။ ဝသန္တာ၊ နေကြကုန်သည်ရှိသော်။ သမဂ္ဂါ၊ အလုံးစုံသော ရဟန်းတို့သည်သာလျှင်။ သန္နိပတိတွာ၊ စည်းဝေးကြကုန်၍။ အညမညံ၊ အချင်းချင်း။ ပါရိသုဒ္ဓိဥပေါသထံ၊ ပါရိသုဒ္ဓိဥပုသ်ကို။ သစေပန ကရေယျုံ၊ အကယ်၍ ပြုကြကုန်သည်ဖြစ်အံ့။ ဥပေါသထကမ္မံ၊ ဥပုသ်ကံသည်။ ဓမ္မေန သမဂ္ဂံ နာမ၊ ဓမ္မေန သမဂ္ဂကံမည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဥပေါသထက္ခန္ဓကဋ္ဌကထာ နက်။

အဓမ္မေန ဝဂ္ဂံ ဥပေါသထကမ္မန္တိ ဧတ္ထ ယတ္ထ စတ္တာရော ဝသန္တိ၊ တတ္ထ ပါတိမောက္ခုဒ္ဒေသော အနုညာတော။ ယတ္ထ ဒွေဝါ တယောဝါ ဝသန္တိ၊ တတ္ထ ပါရိသုဒ္ဓိ ဥပေါသထော၊ ဣဓပန တထာ အကတွာ စတူသု ဝသန္တေသု ပါရိသုဒ္ဓိ ဥပေါသထဿ ကတတ္တာ တီသု ဝသန္တေသု ပါတိမောက္ခုဒ္ဒေသဿ ဥဒ္ဒိဋ္ဌတ္တာ အဓမ္မေနာတိ ဝုတ္တံ။ ယသ္မာ သဗ္ဗေဝ န သန္နိ

ပတ္တိံသု၊ ဆန္ဒပါရိသုဒ္ဓိံ စ သံဃမဇ္ဈေယေဝ အာဂစ္ဆတိ၊ န ဂဏမဇ္ဈေ၊ တသ္မာ ဝုတ္တံ။ ။တေရသကဏ္ဍဋ္ဌကထာ။

တယောဝါ ဒွေဝါ ပါတိမောက္ခံ ဥဒ္ဒိသန္တိ အဓမ္မေန သမဂ္ဂံ နာမ ဟောတီတိ ဧတ္ထ ကာမံ သံဃဿ သာမဂ္ဂီနာမ ဟောတိ။ ဝဂ္ဂကာထာယ ယထာကမ္မံ သာမဂ္ဂီ ဝဝတ္ထာနတော၊ တထာပိ ဝဂ္ဂပဋိပက္ခဘာဝေန၊ သမဂ္ဂံ သမဂ္ဂပဋိပက္ခဘာဝေန စ ဝဂ္ဂံ နာမ ကတံ။ ။အဓမ္မေန ဝဂ္ဂန္တိ ဧတ္ထ ပါရိသုဒ္ဓိံ ကရဏံ ဓမ္မိကံ၊ သံဃဿေဝ ဆန္ဒါဂမနံ၊ န ဂဏဿာတိ ကတွာ ဝဂ္ဂံ နာမ ဟောတိ။ ကောဝါဒံ ကတံသုကတံ၊ အာဝဇ္ဇိံ ပန အာပဇ္ဇတိ၊ ပုန ကာတုံ န လဘန္တီတိ ဝဒန္တိ။ ။ဝဇိရဗုဒ္ဓိဋီကာ။

အဓမ္မေန ဝဂ္ဂန္တိ ဧတ္ထ ကေသိမာယ စတူသု ဘိက္ခူသု ဝိဇ္ဇမာနေသု ပါတိမောက္ခုဒ္ဒေသဿ အနုညာတတ္တာ၊ တီသု ဒွိသု စ ပါရိသုဒ္ဓိ ဥပေါသထဿ၊ ဒွေပန တထာ အကတွာ အဓမ္မေနာတိ ဝုတ္တံ။ ယသ္မာ ပန ဆန္ဒပါရိသုဒ္ဓိံ သံဃေဝ ဂစ္ဆတိ၊ န ဂဏေ၊ န ပုဂ္ဂလေ၊ တသ္မာ ဝဂ္ဂန္တိ ဝုတ္တန္တိ။ သစေ ပန ဒွေသံဃာ ဧကသီမာယ အညမညံ ဆန္ဒံ ဟာရေတွာ ကေသ္မိံ ခဏေ ဝိသုံ သံဃကမ္မံ ကရောန္တိ၊ ဧတ္ထ ကတန္တိ၊ ကေဝိ ပနေတံ ဝဋ္ဋတီတိ ဝဒန္တိ၊ တံ န ဂဟေတဗ္ဗံ၊ ပဂ္ဂကမ္မံ ပတ္တာ၊ ကမ္မံ ကရောန္တာ နပိ ဆန္ဒပါရိသုဒ္ဓိံ အညတ္ထ န ဂစ္ဆတိ တထာ ဝစနာဘာဝါ၊ ဝိသုံဝိသုံ ကမ္မကရဏဿေဝ သီမာယ အနုညာတတ္တာစာတိ ဂဟေတဗ္ဗံ။ ဝိဟာရ သီမာယံ ပန သံဃေ ဝိဇ္ဇမာနေပိ ကေနစိ ပစ္စယေန ခဏ္ဍသီမာယံ တီသု ဒွိသု ပါရိသုဒ္ဓိ ဥပေါသထံ ကရောန္တေသု ကမ္မံ ဓမ္မေန သမဂ္ဂမေဝ ဘိန္နသီမဋ္ဌတ္တာတိ ဒဋ္ဌဗ္ဗံ။ ။ဝိမတိဝိနောဒနီဋီကာ။

အဓမ္မေန ဝဂ္ဂံ၊ ဥပေါသထကမ္မန္တိ ဧတ္ထဝစနေ၊ အဓမ္မေန ဝဂ္ဂံ ဥပေါသထကမ္မံ-ဟူသော ဤစကား၌၊ ယတ္ထ၊ အကြင်သိမ်၌၊ စတ္တာရော ဘိက္ခူ၊ လေးယောက်သော ရဟန်းတို့သည်၊ ဝသန္တိ၊ နေကြ

ကုန်၏၊ တတ္ထ၊ ထိုသိမ်၌၊ ပါတိမောက္ခံ ဒွေသော၊ ပါတိမောက်ပြ
ခြင်းကို၊ အနုညာတော၊ ခွင့်ပြုတော်မူအပ်၏။ ယတ္ထ၊ အကြင်သိမ်၌။
ဒွေဝါ ဘိက္ခူ၊ နှစ်ယောက်သော ရဟန်းတို့သည်၎င်း၊ တယောဝါ
ဘိက္ခူ၊ သုံးယောက်သော ရဟန်းတို့သည်၎င်း၊ ဝသန္တိ၊ နေကြကုန်
၏၊ တတ္ထ၊ ထိုသိမ်၌၊ ပါရိသုဒ္ဓိ ဥပေါသထော၊ ပါရိသုဒ္ဓိ ဥပုသ်
ကို၊ အနုညာတော၊ ခွင့်ပြုအပ်၏၊ ဣဓပန၊ ဤသိမ်၌ကား။ တထာ၊
ထိုသို့ ခွင့်ပြုတော်မူတိုင်း၊ အကတွာ၊ မပြုမူ၍၊ စတုန္နံ ဘိက္ခူနံ၊ လေး
ယောက်သော ရဟန်းတို့၏။ ဝသန္တာနေ၊ နေရာသိမ်၌၊ ပါရိသုဒ္ဓိ
ဥပေါသထဿ၊ ပါရိသုဒ္ဓိ ဥပုသ်ကို၊ ကတတ္တာ၊ ပြုသည်၏အဖြစ်
ကြောင့်၊ တိဏ္ဏံ ဘိက္ခူနံ၊ တို့၏။ ဝသန္တာနေစ၊ နေရာသိမ်၌လည်း။
ပါတိမောက္ခဿ၊ ပါတိမောက်ကို၊ ဥဒ္ဒိဋ္ဌတ္တာ၊ ပြသည်၏ အဖြစ်
ကြောင့်၊ အဓမ္မေနာတိ၊ အဓမ္မေန-ဟူ၍၊ ဝုတ္တံ၊ ဆိုအပ်၏၊ ယသ္မာ၊
အကြင့်ကြောင့်၊ သဗ္ဗေဝ ဘိက္ခူ၊ အလုံးစုံသော ရဟန်းတို့သည်သာ
လျှင်၊ န သန္နိပတိံသု၊ မစည်းဝေးကြကုန်၊ ဆန္ဒပါရိသုဒ္ဓိစ၊ ဆန္ဒ
ပါရိသုဒ္ဓိ သည်လည်း။ သံဃမဇ္ဈံ ယေဝ၊ သံဃာ၏အလည်သို့သာလျှင်၊
အာဂစ္ဆတိ၊ လာ၏၊ ဂဏမဇ္ဈံ၊ ဂိုဏ်း၏ အလည်သို့၊ န အာဂစ္ဆတိ၊
မလာ၊ တသ္မာ၊ ထို့ကြောင့်၊ ဝဂ္ဂန္တိ၊ ဝဂ်ဟူ၍၊ ဝုတ္တံ၊ ဆိုအပ်၏၊ ။
တေရ သကဏ် နက်။

တယောဝါ ဒွေဝါ ပါတိမောက္ခံ ဥဒ္ဒိသန္တိ အဓမ္မေန သမဂ္ဂံ နာမ
ဟောတီတိ ဧတ္ထဝစနေ၊ ပ၊ ဟောတိ-ဟူသော ဤစကား၌၊ သံဃဿ
သံဃာ၏၊ သာမဂ္ဂီနာမ၊ သာမဂ္ဂီမည်သည်၊ ကာမံ ဟောတိ၊ အ
ကယ်၍ကား ဖြစ်၏ရှင့်။ ကသ္မာ၊ အဘယ့်ကြောင့်၊ ဟောတိ၊ ဖြစ်သ
နည်း။ ဝဂ္ဂကထာယ၊ စတုဝဂ္ဂ, ပဉ္စဝဂ္ဂ, ဒသဝဂ္ဂ, ဝီသတိဝဂ္ဂ က
ထာ၏၊ ယထာကမံ၊ အပလောကနကံ, ဉတ္တိကံ, ဉတ္တိဒုတိယကံ,
ဉတ္တိစတုတ္ထကံ အားလျော်စွာ။ သာမဂ္ဂီ ဝဝတ္ထာနတော၊ သံဃာသာ
မဂ္ဂီဖြင့် မှတ်ခြင်းကြောင့်၊ သံဃဿ၊ သံဃာ၏။ သာမဂ္ဂီနာမ၊ သာမဂ္ဂီ
မည်သည်။ ကာမံဟောတိ၊ အကယ်၍ကား ဖြစ်၏ရှင့်၊ တထာပိ၊ ထို
သို့ပင်ဖြစ်သော်လည်း၊ ဝဂ္ဂပဋိပက္ခဘာဝေန၊ ဝဂ်၏ဆန့်ကျင်ဘက်
၏အဖြစ်ဖြင့်။ သမဂ္ဂန္တု နာမံ၊ သမဂ္ဂ-ဟူသောအမည်ကိုလည်း၊ ကတံ၊

ပြုအပ်၏၊ သမဂ္ဂပဋိပက္ခဘာဝေန၊ သမဂ္ဂ၏ဆန့်ကျင်ဘက်၏အဖြစ်ကြောင့်၊ ဝဂ္ဂန္တိနာမံ၊ ဝဂ်ဟူသောအမည်ကိုလည်း၊ ကတံ၊ ပြုအပ်၏၊ ။ ဓမ္မေန ဝဂ္ဂန္တိ ဧတ္ထဝစနေ၊ ဓမ္မေန ဝဂ္ဂံ-ဟူသော စကား၌၊ ပါရိသုဒ္ဓိကရဏံ၊ ပါရိသုဒ္ဓိဥပုသ်ပြုခြင်းသည်၊ ဓမ္မိကံနာမ၊ ဓမ္မေနမည်သည်၊ ဟောတိ၊ ဖြစ်၏၊ သံဃသေဝ၊ သံဃာသို့သာလျှင်၊ ဆန္ဒာဂမနံ၊ ဆန္ဒလာ၏၊ ဂဏဿ၊ ဂိုဏ်းသို့၊ န ဆန္ဒာဂမနံ၊ ဆန္ဒမလာ၊ ဣတိ ကတွာ၊ ဤသို့သောအကြောင်းကြောင့်၊ ဝဂ္ဂံနာမ၊ ဝဂ်မည်သည်၊ ဟောတိ၊ ဖြစ်၏၊ ကေဝလံ၊ တကြိမ်၊ ကတံ၊ ပြုခြင်းသည်၊ သုကတံ၊ ကောင်းသောပြုခြင်းတည်း၊ အာပတ္တိံပန၊ အာပတ်သို့ကား၊ အာပဇ္ဇတိ၊ ရောက်၏၊ ပုန၊ တဖန်၊ ကာတုံ၊ ပြုခြင်းငှာ၊ န ဝဋ္ဋတိ၊ မရကုန်၊ ဣတိ၊ ဤသို့၊ ဝဒန္တိ၊ ဆိုကြကုန်၏၊ ။ဝဇိရဗုဒ္ဓိနက်။

အဓမ္မေန ဝဂ္ဂန္တိ ဧတ္ထဝစနေ၊ အဓမ္မေနဝဂ္ဂံ-ဟူသော ဤစကား၌၊ ဧကသီမာယ၊ တသိမ်တည်း၌၊ စတူသု ဘိက္ခူသု၊ လေးယောက်သော ရဟန်းတို့သည်၊ ဝိဇ္ဇမာနေသု၊ ရှိကုန်လတ်သော်၊ ပါတိမောက္ခုဒ္ဒေသော ဝ၊ ပါတိမောက်ပြခြင်းကိုသာလျှင်၊ အနုညာတော၊ ခွင့်ပြုအပ်၏၊ တီသု စ ဘိက္ခူသု၊ သုံးယောက်ကုန်သော ရဟန်းတို့သည်ငင်း၊ ဒွိသု စ ဘိက္ခူသု၊ နှစ်ယောက်ကုန်သော ရဟန်းတို့သည်ငင်း၊ ဝိဇ္ဇမာနေသု၊ ရှိကုန်လတ်သော်၊ ပါရိသုဒ္ဓိ ဥပေါသထော ဝ၊ ပါရိသုဒ္ဓိဥပုသ်ကိုသာလျှင်၊ အနုညာတော၊ ခွင့်ပြုတော်မူအပ်၏၊ ဣဓပန၊ ဤသိမ်၌ကား၊ တထာ၊ ထိုခွင့်ပြုတော်မူတိုင်း၊ အကတတ္တာ၊ မပြုအပ်သည်၏အဖြစ်ကြောင့်၊ အဓမ္မေနာတိ၊ အဓမ္မေန ဟူ၍၊ ဝုတ္တံ၊ ဟောအပ်၏၊ ယသ္မာ၊ အကြင့်ကြောင့်၊ ပန၊ စင်စစ်၊ ဆန္ဒပါရိသုဒ္ဓိ၊ ဆန္ဒပါရိသုဒ္ဓိသည်၊ သံဃေဧဝ၊ သံဃာသို့သာလျှင်၊ ဂစ္ဆတိ၊ ရောက်၏၊ ဂဏံ၊ ဂိုဏ်းသို့၊ န ဂစ္ဆတိ၊ မရောက်၊ ပုဂ္ဂလေ၊ ပုဂ္ဂိုလ်သို့၊ န ဂစ္ဆတိ၊ မရောက်၊ တသ္မာ၊ ထို့ကြောင့်၊ ဝဂ္ဂန္တိ၊ ဝဂ်ဟူ၍၊ ဝုတ္တံ၊ ဟောအပ်၏၊ ။ဒွေသံဃာ၊ နှစ်ဦးသော သံဃာတို့သည်၊ ဧကသီမာယ၊ တသိမ်တည်း၌၊ အညမညံ၊ အချင်းချင်း၊ ဆန္ဒံ၊ ဆန္ဒကို၊ ဟာရိတွာ၊ ဆောင်၍၊ ဧကသ္မိံ ခဏေ၊ တပြိုင်နက်သောခဏ၌၊ ဝိသုံ၊ အသီး၊ သံဃကမ္မံ၊ သံဃကံကို၊ သစေပန ကရောန္တိ၊ အကယ်၍ပြုကြကုန်

ပြောအံ့။ ဧတ္ထ၊ ဤအရာ၌။ ကထံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုရာ၌။ တေကမ္မံ၊ ထိုတသိမ်တည်း သံဃာ ၂-ဦးတပြိုင်နက်ပြုသော ကံသည်။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ ဣဒံ ဝစနံ၊ ဤစကားကို။ ကေစိပန၊ အချို့သောဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ ဝဂ္ဂကမ္မတ္တာ၊ ဝဂ္ဂကံ၏အဖြစ်ကြောင့်။ တံ ဝစနံ၊ ထိုကေစိဆရာတို့၏စကားကို။ န ဂဟေတဗ္ဗံ၊ မယူအပ်။ ဟိယသ္မာ၊ အကြင့်ကြောင့်။ ကမ္မံ၊ ကံကို။ ကရောန္တာနံ၊ ပြုကြကုန်သော သံဃာနှစ်ဦးတို့၏။ ဆန္ဒပါရိသုဒ္ဓိ၊ ဆန္ဒပါရိသုဒ္ဓိသည်။ အညမညံ၊ တပါးတပါးသို့။ န ဂစ္ဆတိ၊ မရောက်။ တသ္မာ၊ ထို့ကြောင့်။ န ဂဟေတဗ္ဗံ၊ မယူအပ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ တထာ ဝစနာ ဘာဝါ စ၊ ထိုသို့သောအခြင်းအရာကို ဟောတော်မူသော ပါဠိ၏မရှိခြင်းကြောင့်ရင်း။ ဝိသုံဝိသုံ၊ အသီး အသီး။ ကမ္မကရဏဿမေဝ၊ ကံပြုခြင်း အကျိုးငှါသာလျှင်။ သီမာယ၊ သိမ်ကို။ အနုညာတတ္တာ စ၊ ခွင့်ပြုတော်မူအပ်သည်၏အဖြစ်ကြောင့်ရင်းတည်း။ ဣတိ၊ ဤသို့။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ဝိဟာရသီမာယံပန၊ မဟာသိမ်ကျောင်းတိုက်၌ကား။ သံဃော၊ သံဃာသည်။ ဝိဇ္ဇမာနေပိ၊ ရှိလျက်လည်း။ တီသုဒွီသုဝါ ဘိက္ခူသု၊ သုံးယောက်၊ နှစ်ယောက်ကုန်သော ရဟန်းတို့သည်လည်း။ ကေနစိ ပစ္စယေန၊ တစုံတခုသော အကြောင်းဖြင့်။ ခဏ္ဍသီမာယံ၊ ခဏ္ဍသိမ်၌။ ပါရိသုဒ္ဓိ ဥပေါသထံ၊ ပါရိသုဒ္ဓိ ဥပုသ်သု။ ကရောန္တေသု၊ ပြုကုန်သည်ရှိသော်။ ကမ္မံ၊ ဥပုသ်ကံသည်။ ဓမ္မေန သမဂ္ဂမေဝ၊ ဓမ္မေန သမဂ္ဂကံမည်သည်သာလျှင်ကတည်း။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ ဘိန္နသီမဋ္ဌတ္တာ၊ ပြားသောခဏ္ဍသိမ်တည်သည်၏အဖြစ်ကြောင့်တည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဝိမတိ ဝိနောဒနီ နက်။

## မဟာဝါ ဥပေါသထက္ခန္ဓက-ပါဠိတော်၊ အဋ္ဌကထာ ကိုးကား၍ ပြခြင်း

န ဘိက္ခဝေ တဒဟုပေါသထေ သဘိက္ခုကာ အာဝါသာ အဘိက္ခုကော အာဝါသော ဂန္တဗ္ဗော အညတြ သံဃေန အညတြ အန္တရာယာ။

န ဘိက္ခဝေ တဒဟုပေါသထေ သဘိက္ခုကာ အာဝါသာ သဘိက္ခုကော အာဝါသော ဂန္တဗ္ဗော ယတ္ထဿု ဘိက္ခူ နာနာ သံဝါသကာ အညတြ သံဃေန အညတြ အန္တရာယာ။

ဂန္တဗ္ဗော ဘိက္ခဝေ တဒဟု ပေါသထေ သဘိက္ခုကာ အာဝါသာ သဘိက္ခုကော အာဝါသော ယတ္ထဿု ဘိက္ခူ သမာန သံဝါသကာ ယံ ဇညာ သက္ကောမိ အဇ္ဇေဝ ဂန္တုန္တိ။ ။မဟာဝါ ဥပေါသထက္ခန္ဓက ပါဠိတော်။

ဘိက္ခဝေ၊ တို့။ တဒဟုပေါသထေ၊ ထိုနေ့ ဥပုသ်၌။ သဘိက္ခုကာ၊ ဥပုသ်ပြုဖော် ရဟန်းရှိသော။ အာဝါသာ၊ ကျောက်တိုက်မှ။ သံဃေန၊ သံဃာကို။ အညတြ၊ ထား၍။ အန္တရာယာ၊ အန္တရာယ်ကို။ အညတြ၊ ထား၍။ အဘိက္ခုကော၊ ရဟန်းမရှိသော။ အာဝါသော၊ ကျောင်းတိုက်သို့။ န ဂန္တဗ္ဗော၊ မသွားအပ်။

ဘိက္ခဝေ၊ တို့။ တဒဟု ပေါသထေ၊ ထိုနေ့ ဥပုသ်၌။ သဘိက္ခုကာ၊ ဥပုသ်ပြုဖော် ရဟန်းရှိသော။ အာဝါသာ၊ ကျောင်းတိုက်မှ။ သံဃေန၊ သံဃာကို။ အညတြ၊ ထား၍။ အန္တရာယာ၊ အန္တရာယ်ကို။ အညတြ၊ ထား၍။ ယတ္ထ၊ အကြင်ကျောင်းတိုက်၌။ နာနာ သံဝါသကာ၊ နာနာ သံဝါသက ဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အဿု ဘဝန္တိ၊ ရှိကုန်၏။ သဘိက္ခုကော၊ နာနာ သံဝါသက ရဟန်းရှိသော။ သော အာဝါသော၊ ထိုကျောင်းတိုက်သို့။ န ဂန္တဗ္ဗော၊ မသွားအပ်။

ဘိက္ခဝေ၊ တို့။ တဒဟုပေါသထေ၊ ထိုနေ့ ဥပုသ်၌။ သဘိက္ခုကာ၊ ဥပုသ်ပြုဖော် ရဟန်းရှိသော။ အာဝါသာ၊ ကျောင်းတိုက်မှ။ ယံ အာဝါသံ၊ အကြင်ကျောင်းတိုက်သို့။ အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ ဂန္တုံ၊ ဥပုသ်ပြုမှီ သွားခြင်းငှါ။ သက္ကောမိ၊ စွမ်းနိုင်၏။ ဣတိ၊ ဤသို့လည်း။ ဇညာ ဇာနေယျ၊ သိခဲ့ငြားအံ့။ ယတ္ထ၊ အကြင်ကျောင်း

တိုက်၌၊ သမာန သံဝါသကာ၊ သမာန သံဝါသက ဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်လည်း။ အဿု ဘဝန္တိ၊ ရှိကုန်၏။ သဘိက္ခုကော၊ သမာန သံဝါသက ရဟန်းရှိသော။ သော အာဝါသော၊ ထိုကျောင်းတိုက်သို့။ ဂန္တဗ္ဗော၊ သွားအပ်၏။ ။မဟာဝါ ဥပေါသထက္ခန္ဓက ပါဠိတော် အနက်။

သဘိက္ခုကာ အာဝါသာတိ ယသ္မိံ အာဝါသေ ဥပေါသထကာရကာ ဘိက္ခူ အတ္ထိ၊ တမှာအာဝါသာ ယံ န သက္ကောတိ တဒဟေဝ အာဂန္တုံ၊ သော အာဝါသော ဥပေါသထံ အကတွာ န ဂန္တဗ္ဗော။ အညတြ သံဃေနာတိ သံဃပ္ပဟောနကေဟိ ဘိက္ခူဟိ ဝိနာ။ အညတြ အန္တရာယာတိ ပုဗ္ဗေ ဝုတ္တံ ဒသဝိဓံ အန္တရာယံ ဝိနာ။ သဗ္ဗန္တိမေန ပန ပရိစ္ဆေဒေန အတ္တစတုတ္ထေန အတ္တပဉ္စမေန ဝါ အန္တရာယေ ဝါ သတိ ဂန္တုံ ဝဋ္ဋတိ။ အနာဝါသောတိ နဝကမ္မသာလာဒိကော ယောကောစိ ပဒေသော။ ယထာစ အာဝါသာဒယော နဂန္တဗ္ဗာ ဧဝံ သစေ ဝိဟာရေ ဥပေါသထံ ကရောန္တိ၊ ဥပေါသထာဓိဋ္ဌာနတ္ထံ သီမာပိ နဒီပိ နဂန္တဗ္ဗာ။ သစေ ပနေတ္ထ ကောစိ ဘိက္ခု ဟောတိ၊ တဿ သန္တိကံ ဂန္တုံ ဝဋ္ဋတိ။ ဝိဿဋ္ဌဥပေါသထာပိ အာဝါသာ ဂန္တုံ ဝဋ္ဋတိ။ ဧဝံ ဂတော အဓိဋ္ဌာတုမ္ပိ လဘတိ။ အရညကေနာပိ ဘိက္ခုနာ ဥပေါသထဒိဝသေ ဂါမေ ပိဏ္ဍာယ စရိတွာ အတ္တနော ဝိဟာရမေဝ အာဂန္တဗ္ဗံ။ သစေ အညံ ဝိဟာရံ ဩက္ကမတိ၊ တတ္ထ ဥပေါသထံ ကတွာဝ အာဂန္တဗ္ဗံ။ အကတွာ န ဝဋ္ဋတိ။ ယံ ဇညာ သက္ကောမိ အဇ္ဇေဝ ဂန္တုန္တိ ယံ ဇာနေယျ အဇ္ဇေဝ တတ္ထ ဂန္တုံ သက္ကောမီတိ ဧဝရူပေါ အာဝါသော ဂန္တဗ္ဗော။ တတ္ထ ဘိက္ခူဟိ သဒ္ဓိံ ဥပေါသထံ ကရောန္တေနာပိ ဟိ ဣမိနာ နေဝ ဥပေါသထန္တရာယော ကတော ဘဝိဿတီတိ။ ။မဟာဝါ ဥပေါသထက္ခန္ဓကဖွင့် အဋ္ဌကထာ။

အဘိက္ခုကော အာဝါသ၊နာနာသံဝါသက သဘိက္ခုက အာဝါသကို ရည်တော်မူ၍၊ ထိုနေ့ဥပုသ်ပြုပေါ်ရဟန်းရှိသော ကျောင်းတိုက်

မှ၊ ကျောင်းတိုက်မဟာသိမ်၌ သုဒ္ဓုဒ္ဒေသဥပုသ်၊ ခန္ဓသိမ်၌ ပါရိသုဒ္ဓိဥပုသ် တပါးပါးကို ယခုမပြုသေးမူ၍၊ ထိုနေ့ပြန်လာခြင်းငှာမတတ်ကောင်းသော တပါးသောအာဝါသသို့၊ အန္တရာယ်မရှိဘဲ သံဃာနှင့်ကင်း၍ မသွားအပ်ဟု ပြတော်မူခြင်းငှာ၊-

> သဘိက္ခုကာ အာဝါသာတိ ယသ္မိံ ဝိဟာရေ ဥပေါသထကာရကာ ဘိက္ခူ အတ္ထိ၊ တမှာ အာဝါသာ ယံ န သက္ကောတိ တဒဟေဝ အာဂန္တုံ သော အာဝါသော ဥပေါသထံ အကတွာ န ဂန္တဗ္ဗော။ အညတြ သံဃေနာတိ သံဃပ္ပဟောနကေဟိ ဘိက္ခူဟိ ဝိနာ။ အညတြ အန္တရာယာတိ ပုဗ္ဗေ ဝုတ္တံ ဒသဝိဓံ အန္တရာယံ ဝိနာ။-ဟူသောပါဠိကို မိန့်တော်မူ၏။

သဘိက္ခုကာ အာဝါသာတိ၊ သဘိက္ခုကာ အာဝါသာ-ဟူသည်ကား၊ ယသ္မိံ ဝိဟာရေ၊ အကြင်ကျောင်းတိုက်၌။ ဥပေါသထကာရကာ၊ ထိုနေ့ဥပုသ် ဥပုသ်ပြုပေါ်ဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ တမှာ အာဝါသာ၊ ထိုနေ့ဥပုသ် ဥပုသ်ပြုပေါ် ရဟန်းရှိသော ထိုကျောင်းတိုက်မှ၊ ယံ အာဝါသံ၊ အကြင်ကျောင်းတိုက်သို့။ ဂတော၊ သွားသည်ရှိသော်၊ တဒဟေဝ၊ ထိုနေ့၌ပင်လျှင်၊ အာဂန္တုံ၊ ပြန်လာခြင်းငှာ၊ န သက္ကောတိ၊ မတတ်ကောင်း။ သော အာဝါသော၊ ထိုနေ့ပြန်လာခြင်းငှာမတတ်ကောင်းသော ထိုကျောင်းတိုက်သို့၊ ဥပေါသထံ ဥပုသ်ကို။ အကတွာ ယခုမပြုသေးမူ၍။ န ဂန္တဗ္ဗော မသွားအပ်။ အညတြ သံဃေနာတိ၊ အညတြ သံဃေန-ဟူသည်ကား၊ သံဃပ္ပဟောနကေဟိ၊ သံဃာလောက်ကုန်သော။ ဘိက္ခူဟိ၊ ရဟန်းတို့မှ၊ ဝိနာ၊ ကင်း၍။ အညတြ အန္တရာယာတိ၊ အညတြ အန္တရာယာ-ဟူသည်ကား။ ပုဗ္ဗေ ဝုတ္တံ၊ ရှေး၌ ဆိုအပ်ပြီးသော၊ ဒသဝိဓံ၊ ဆယ်ပါး အပြားရှိသော၊ အန္တရာယံ၊ အန္တရာယ်ကို၊ ဝိနာ၊ ကြဉ်၍။ န ဂန္တဗ္ဗော၊ မသွားအပ်။

အဘိက္ခုက အာဝါသ၊ နာနာသံဝါသက သဘိက္ခုက အာဝါသကို ရည်တော်မူ၍၊ ထိုနေ့ဥပုသ် ဥပုသ်ပြုပေါ်ရဟန်းရှိသောကျောင်း

တိုက်မှ၊ ကျောင်းတိုက် မဟာသိမ်၌ သုတ္တုဒ္ဒေသ သံဃာဥပုသ် ခန္ဓသိမ်၌ ဂဏ,ပုဂ္ဂလ ပါရိသုဒ္ဓိဥပုသ် တပါးပါးကို ယခုမပြုသေးမူ၍၊ ထိုနေ့ပြန်လာခြင်းငှါ မတတ်ကောင်းသော တပါးသောကျောင်းတိုက်သို့၊ မိမိလျှင် လေးယောက်မြောက်,ငါးယောက်မြောက်သော သံဃာသည်လည်း၊ အန္တရာယ် မရှိဘဲ သွားခြင်းငှါအပ်၏၊ အန္တရာယ်ရှိသော် သံဃာနှင့်ကင်း၍လည်း သွားခြင်းငှါအပ်၏ဟု ပြတော်မူခြင်းငှါ။......

သဗ္ဗန္တိမေန ပန ပရိစ္ဆေဒေန အတ္တစတုတ္ထေန အတ္တပဉ္စမေနဝါ အန္တရာယေဝါ သတိ ဂန္တုံ ဝဋ္ဋတိ။-ဟူသောပါဠ်ကို မိန့်တော်မူ၏။

ယသ္မိံ ဝိဟာရေ၊ အကြင်ကျောင်းတိုက်၌။ ဥပေါသထ ကာရကာ၊ ထိုနေ့ဥပုသ် ဥပုသ် ပြုပေါ်ဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ တမှာ အာဝါသာ၊ ထိုနေ့ဥပုသ် ဥပုသ်ပြုပေါ် ရဟန်းရှိသော ထိုကျောင်းတိုက်မှ။ယံ အာဝါသံ၊ အကြင် ကျောင်းတိုက်သို့။ ဂတော၊ သွားသည်ရှိသော်။ တဒဟောဝ၊ ထိုနေ့၌ပင်လျှင်။ အာဂန္တုံ၊ ပြန်လာခြင်းငှါ။နသက္ကောတိ၊ မတတ်ကောင်း။ သော အာဝါသော၊ထိုနေ့ ပြန်လာခြင်းငှါ မတတ်ကောင်းသော ထိုကျောင်းတိုက်သို့။ ဥပေါသထံ၊ ဥပုသ်ကို။ အကတွာ၊ ယခုမပြုသေးမူ၍။ သဗ္ဗန္တိမေန ပန ပရိစ္ဆေဒေန၊ အလုံးစုံ အယုတ်ဆုံးဖြစ်သော အပိုင်းအခြားအားဖြင့်။ အတ္တစတုတ္ထေနဝါ၊ မိမိလျှင် လေးယောက် မြောက်သည်လည်း ဖြစ်သော။ အတ္တပဉ္စမေနဝါ၊ မိမိလျှင် ငါးယောက် မြောက်သည်လည်း ဖြစ်သော။ သံဃေန၊ သံဃာသည်။ ဂန္တုံ၊ သွားခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ အန္တရာယေဝါ၊ အန္တရာယ်သည်လည်း။ သတိ၊ ရှိသော်။ သံဃေန၊ သံဃာမှ။ ဝိနာ၊ ကင်း၍။ ဂန္တုံ၊ သွားခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။

အာဘိက္ခုကာ အနာဝါသ နာနာသံဝါသကာ၊သာဘိက္ခုကာ အနာဝါသကို ရည်တော်မူ၍၊ ထိုနေ့ ဥပုသ် ဥပုသ်ပြုပေါ် ရဟန်းရှိသော ကျောင်းတိုက်မှ၊ ကျောင်းတိုက် မဟာသိမ်၌ သုတ္တုဒ္ဒေသ သံဃာဥပုသ်၊ခန္ဓသိမ်၌ ဂဏ,ပုဂ္ဂလ ပါရိသုဒ္ဓိ ဥပုသ် တပါးပါးကို ယခုမပြု

သေးမူ၍၊ ပြန်လာခြင်းငှါ မတတ်ကောင်းသော တစုံတခုသောအရပ်သို့၊ အန္တရာယ်မရှိဘဲ သံဝါသနှင့် ကင်း၍မသွားအပ်ဟု ပြတော်မူခြင်းငှါ။-

အနာဝါသောတိ နဝကမ္မသာလာဒိကော ယောကောစိ ပဒေသော။ ယထာစ အာဝါသာဒယော န ဂန္တဗ္ဗာ ဧဝံ။-ဟူသောပါဠိကို မိန့်တော်မူ၏။

အနာဝါသောတိ၊ အနာဝါသော-ဟူသည်ကား။ နဝကမ္မသာလာဒိကော။ နဝကမ္မတဉ်းကုတ် အစရှိသော။ ယောကောစိ ပဒေသော၊ တစုံတခုသော အရပ်တည်း။ ယတ္ထ အာဝါသေ၊ အကြင်ကျောင်းတိုက်၌။ ဥပေါသထ ကာရကာ၊ ဥပုသ်ပြုဖော်ဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အဇ္ဇ သန္တိ၊ ရှိကုန်၏။ တမှာ အာဝါသာ၊ ထိုနေ့ဥပုသ် ဥပုသ်ပြုဖော် ရဟန်းရှိသော ထိုကျောင်းတိုက်မှ။ ယံကိဉ္စိ ပဒေသံ၊ အကြင်တစုံတခုသော အရပ်သို့။ ဂတော၊ သွားသည်ရှိသော်။ တဒဟေဝ၊ ထိုနေ့၌ ပင်လျှင်။ အာဂန္တုံ၊ ပြန်လာခြင်းငှါ။ န သက္ကောတိ၊ မတတ်ကောင်း။ အာဝါသာဒယော၊ ကျောင်းတိုက်အစရှိသည့်တို့သို့။ ဥပေါသထံ၊ ဥပုသ်ကို။ အကတွာ၊ ယခု မပြုသေးမူ၍။ န ဂန္တဗ္ဗာ ယထာ၊ မသွားအပ်ကုန်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နဝ ကမ္မသာလာ ဒိကော၊ နဝကမ္မတဉ်းကုတ် အစရှိသော။ သော ယောကောစိ ပဒေသော၊ ထိုတစုံတခုသော အရပ်သို့။ ဥပေါသထံ၊ ဥပုသ်ကို။ အကတွာ၊ ယခုမပြုသေးမူ၍။ န ဂန္တဗ္ဗော၊ မသွားအပ်။

ပြုအပ်သော ခေတ်ကာလမဟုတ်၊ အဓိဋ္ဌာန် ဥပုသ်ကို ရည်တော်မူ၍၊ ထိုနေ့ဥပုသ် ဥပုသ်ပြုဖော်ရှိသော ကျောင်းတိုက်၌၊ ထိုနေ့ဥပုသ် ဥပုသ်ပြုဖော်ရဟန်းတို့သည်၊ ဥပုသ်ပြုခြင်းငှါ စည်းဝေးသည်မှ စ၍ ဥပုသ်ပြုပြီးသည်တိုင်အောင်၊ ဥပုသ်ပြုဖော်ကာလ ထိုကျောင်းတိုက်မှ၊ အဖော်နှင့်ကင်း တပါးထည်းချင်း အဓိဋ္ဌာန် ဥပုသ်ဆောက်တည်ခြင်းငှာ၊ ခန္ဓသိမ်, နဒီသိမ်သို့ မသွားအပ်ဟု ပြတော်မူခြင်းငှါ။-

သစေ ဝိဟာရေ ဥပေါသထံ ကရောန္တိ၊ ဥပေါသထာဓိဋ္ဌာနတ္ထံ သီမာပိ နဒီပိ န ဂန္တဗ္ဗာ။-ဟူသောပါဠိကို မိန့်တော်မူ၏။

ယသ္မိံ ဝိဟာရေ၊ အကြင်ကျောင်းတိုက်၌၊ ဥပေါသထ ကာရကာ၊ ထိုနေ့ဥပုသ် ဥပုသ်ပြုပေါ်ဖြစ်ကုန်သော၊ ဘိက္ခူ၊ ရဟန်းတို့သည်၊ ဥပေါသထံ၊ ဥပုသ်ကို။ သစေ ကရောန္တိ၊ အကယ်၍ ပြုကြကုန်သည် ဖြစ်အံ့၊ တမှာ အာဝါသာ၊ ထိုနေ့ဥပုသ် ဥပုသ်ပြုလျက်ရှိသော ထိုကျောင်းတိုက်မှ၊ ဥပေါသထာဓိဋ္ဌာနတ္ထံ၊ အဓိဋ္ဌာန်ဥပုသ်ဆောက်တည်ခြင်းငှါ။ သီမာပိ၊ ခဏ္ဍသိမ်သို့လည်း၊ န ဂန္တဗ္ဗာ၊ မသွားအပ်။ နဒီပိ၊ နဒီသိမ်သို့လည်း။ န ဂန္တဗ္ဗာ၊ မသွားအပ်။

သိမ်သည် အာဝါသ, အနာဝါသမှ လွတ်၏၊ သွားခြင်းကြောင့် အပြစ်မရှိ။ ထိုကြောင့်၊ အာဝါသ, အနာဝါသကို ရည်တော်မမူ။ ခဏ္ဍသိမ်, နဒီသိမ်၌တည်သော သမာန သံဝါသက ရဟန်းရှိသည်ကို သာ ရည်ဘော်မူ၍၊ ထိုနေ့ဥပုသ် ဥပုသ်ပြုပေါ်ရဟန်းရှိသောကျောင်း တိုက်၌၊ ထိုနေ့ဥပုသ် ဥပုသ်ပြုပေါ် ရဟန်းတို့သည်၊ ဥပုသ်ပြုခြင်းငှါ စည်းဝေးကြသော ကာလ ထိုကျောင်းတိုက်မှ၊ ခဏ္ဍသိမ်, နဒီသိမ်၌ တည်သော ရဟန်း၏ အထံသို့၊ အပေါ်နှင့်ကင်း တပါး ထည်းချင်း သွားခြင်းငှါ အပ်၏ ဟု ပြတော်မူခြင်းငှါ။–

သစေ ပနေတ္ထ ကောစိ ဘိက္ခု ဟောတိ၊ တဿ သန္တိကေ ဂန္တုံ ဝဋ္ဋတိ။–ဟူသောပါဠိကို မိန့်တော်မူ၏။

မဟာသိမ်ကျောင်းတိုက်၌၊ ဂဏဥပုသ်ပြုခြင်းငှါ စည်းဝေးကြ သော ရဟန်း သုံးပါးသည်၊ ခဏ္ဍသိမ်, နဒီသိမ် တခုခု၌တည်သော ရ ဟန်းတပါးကို မြင်၍၊ သံဃဥပုသ်ပြုခြင်းငှါ ထိုရဟန်း၏ အထံသို့၊ သုံးပါးလုံး တပေါင်းတည်းသွားခြင်း, နှစ်ပါးသွားခြင်း, တပါးထည်း သွားခြင်းငှါ အပ်သည်ကို ရည်တော်မူ၍။–

တဿ သန္တိကန္တိ ဣဒံ ဂဏုပေါသထ ဋ္ဌာနတော ဂန္တွာ သန္ဓာ ယ ဝုတ္တံ၊ အညထာ သဗ္ဗန္တိမေန ပရိစ္ဆေဒေန အတ္တစတုတ္ထေန ဝါတိ ဝစနေန ဝိရုဇ္ဈနတော။–ဟု မိန့်၏။

နိဿယ ဆရာတော်သည်လည်း ဥပုသ်ပြုကြသောကာလ အ တွင်း၊ နဒီပါရသိမ်၏ ဤမှာဘက်က ဝင်ဖြစ်လျက် နေသော ရဟန်း

တပါး၏ အထံသို့၊ ဆန္ဒပါရိသုဒ္ဓိ ဆောင်ခြင်းငှါ သွားအပ်၏ဟု ရည်ဟော်မှု၍ အနက်ပေးရိပ်ထင်၏။ ထို့ကြောင့် ဝါဒအမျိုးမျိုးကို ရှင်းလင်းသုဓ်သင်၊ အသိအမြင် ထင်လွယ်အောင် ယာခုဝါကျမှစ၍၊ နောက် အနက်ပေးလတံ့သော ပါကျများကို၊ ရှေ့မှ လိုက်သော ဝါကျ, နောက်မှ လိုက်သော ဝါကျ၊ ထင်အောင် ခင်းပြ၍ အနက်ပေး ပေအံ့။

> သစေ ဝိဟာရေ ဥပေါသထံ ကရောန္တိ ယသ္မိံ ဥပေါသထကာရကာ ဘိက္ခူ၊ တမှာ အာဝါသာ သစေ ပနေတ္တ ကောစိ ဟောတိ တဿ သန္တိကေ ဂန္တုံ ဝဋ္ဋတိ။ ဧဝံ ဂတော အဓိဋ္ဌာတုမ္ပိ လဘတိ၊ တတ္ထ သင္ဃံ ဥပေါသထံ ကရောန္တေနာပိ ဟိ ဉာမိနာ နေဝ ဥပေါသထန္တရာယော ကတော ဘဝိဿတီတိ။

ယသ္မိံ ဝိဟာရေ၊ အကြင်ကျောင်းတိုက်၌၊ ဥပေါသထ ကာရကာ၊ ထိုနေ့ဥပုသ် ဥပုသ်ပြု ပေါ်ဖြစ်ကုန်သော၊ ဘိက္ခူ၊ ရဟန်းတို့သည်။ ဥပေါသထံ၊ ဥပုသ်ကို၊ သစေ ကရောန္တိ။ အကယ်၍ ပြုကြကုန်သည် ဖြစ်အံ့။ (စည်းဝေးသောကာလကိုယူ) တမှာ အဝါသာ၊ ထိုကျောင်းတိုက်မှ၊ ဧတ္တ၊ ဤခဏ္ဍသိမ်, နဒီသိမ်၌။ ကောစိ ဘိက္ခု၊ တစုံတယောက်သော ရဟန်းသည်။ သစေ ပန ဟောတိ၊ အကယ်၍ရှိသည်ဖြစ်အံ့။ တဿ ဘိက္ခုနော၊ ထိုရဟန်း၏။ သန္တိကေ၊ အထံသို့။ ဂန္တုံ၊ သွားခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဧဝံ၊ ဤသို့၊ ဂတော၊ သွားသောရဟန်းသည်။ အဓိဋ္ဌာတုမ္ပိ၊ စိတ်ကိုဆောက်တည်ခြင်းငှါလည်း။ လဘတိ၊ ရ၏။ ကထံ လဘတိ၊ အဘယ်သို့ရသနည်း။ တတ္ထ၊ ထိုခဏ္ဍသိမ်, နဒီသိမ်၌။ ဉာမိနာ ဘိက္ခုနာ၊ ဤရဟန်းနှင့်။ သဒ္ဓိံ၊ တကွ။ ဥပေါသထံ၊ ဥပုသ်ကို။ ကရောန္တေနာပိ မယာ၊ ပြုသော ငါသည်လည်း။ ဧတ္တနော၊ မိမိ၏။ ဥပေါသထန္တရာယော၊ ဥပုသ်၏ အန္တရာယ်ကို၊ ကတော၊ ပြုအပ်သည်။ နေဝ ဘဝိဿတိ၊ မဖြစ်လတံ့။ ဣတိ ဧဝံ၊ ဤသို့။ အဓိဋ္ဌာတုမ္ပိ၊ စိတ် ကိုဆောက်တည်ခြင်းငှါလည်း။ လဘတိ၊ ရ၏။

သိမ်သည်၊ အာဝါသ, အနာဝါသမှလွတ်၏။ သွားခြင်းကြောင့် အပြစ်မရှိ။ ထို့ကြောင့် အာဝါသ, အနာဝါသကို ရည်တော်မမူ၊ ခဏ္ဍသိမ်, နဒီသိမ်ကိုသာ ရည်တော်မူ၍၊ ထိုနေ့ ဥပုသ် ဥပုသ်ပြုဖော်ရဟန်းရှိသောကျောင်းတိုက်၌၊ ထိုနေ့ ဥပုသ် ဥပုသ်ပြုဖော် ရဟန်းတို့သည်၊ ထိုနေ့ဥပုသ် ဥပုသ်ပြုခြင်းငှာ စည်းဝေးကြသောကာလ၊ ထိုကျောင်းတိုက်မှ ဥပုသ်ပြု အကျွမ်းဝင်သော ရဟန်းတပါးနှင့်၊ ခဏ္ဍသိမ်, နဒီသိမ်သို့ သွားခြင်းငှာအပ်၏ဟု ပြတော်မူခြင်းငှာ၊ ဝိသဇ္ဇ ဥပေါသထာပိ အာဝါသာ ဂန္တုံ ဝဋ္ဋတိ။-ဟူသောပါဠိကို မိန့်တော်မူ၏။

ဥပေါသထံ အကတွာ ဂန္တဗ္ဗာတိ ဝစနတော ဝိသဇ္ဇ ဥပေါသထာ ဂန္တုံ ဝဋ္ဋတိတိဟူသော။-ဝဇိရဗုဒ္ဓိဋီကာ စကားရပ်ဖြင့်၊ ဥပေါသထံ အကတွာ၏အရ၊ ဥပုသ်ကို မပြုမူ၍ ဆိုသော စကားရပ်သည်၊ ဝိသဇ္ဇ ဥပေါသထ-၏အရ၊ ဥပုသ်ကိုလွှတ်၍ဆိုသော စကားရပ်ပင်တည်း။ ဝိသဇ္ဇ ဥပေါသထ-၏အရ ဥပုသ်ကို လွှတ်ဆိုသော စကားရပ်သည်လည်း၊ ဥပေါသထံ အကတွာ-၏အရ ဥပုသ်ကို မပြုမူ၍ ဆိုသောစကားရပ်ပင်တည်းဟု နှလုံးပိုက်၍၊ ဝိသဇ္ဇ ဥပေါသထာပိ၊ ဥပုသ်ကိုလွှတ်၍လည်း၊ ဥပုသ်ကို မပြုမူ၍သော်လည်း ဟူဟု၊ နိဿယ ဆရာတော်မြတ် အနက် ၂-ထပ် ပေးတော်မူရိပ်ထင်၏။

နဒီပါရသိမ်၏ ဤမှာဘက်က ကျောင်းတိုက်၌ ဥပုသ်ပြုကြသော ကာလအတွင်း၊ နဒီပါရသိမ်၏ ထိုမှာဘက်က ဝဂ်ဖြစ်လျက်နေသော ရဟန်း တပါးကိုမြင်၍၊ ဝဂ်မဖြစ်အောင် ဆန္ဒပါရိသုဒ္ဓိ ဆောင်လိုသဖြင့်၊ ဥပုသ်ကိုလွှတ်၍ ကျောင်းတိုက်ကသွားခြင်းငှာ အပ်၏ဟူသော အဓိပ္ပါယ်ကိုမျှော်တော်မူ၍၊ ထိုမှာဘက်ကိုယူဟု နိဿယ ဆရာတော်မြတ် မှာတော်မူရိပ်ထင်၏။ ဥပုသ်ပြုခြင်းငှာ စည်းဝေးကြသောကာလ၊ သုဒ္ဓန္တေသ ဥပုသ်ပြု လွှတ်သော ကျောင်းတိုက်မှ၊ တပါးသော သုဒ္ဓန္တေသ ဥပုသ်ပြုရာ ကျောင်းတိုက်သို့သွားခြင်းငှာ အပ်၏ဟူသော အရိပ်လည်းထင်၏၊ ထင်ပစေ၊ ရှေ့မှလိုက်သောဝါကျ နောက်မှလိုက်သောဝါကျ၊ သုတ်သင်ရှင်းလင်း စုံလင်အောင်ခင်း၍ပြအံ့။

**သစေ ဝိဟာရေ ဥပေါသထံ ကရောန္တိ ယံသိမံ ဥပေါသထကာရကာ ဘိက္ခူ။ တမှာ ဆွေ ဝိဿဇ္ဇဥပေါသထာပိ အာဝါသာ ဂန္တုံ ဝဋ္ဋတိ။ ဧဝံ ဂတော အဓိဋ္ဌာတုမ္ပိ လဘတိ။ တတ္ထ သဒ္ဓိံ ဥပေါသထံ ကရောန္တေနာပိ ဉာမိနာ နေဝ ဥပေါသထန္တရာယော ကတော ဘဝိဿတီတိ။**

ယသ္မိံ ဝိဟာရေ၊ အကြင်ကျောင်းတိုက်၌။ ဥပေါသထကာရကာ၊ ထိုနေ့ဥပုသ် ဥပုသ်ပြုပေါ် ဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဥပေါသထံ၊ ဥပုသ်ကို။ သစေ ကရောန္တိ၊ အကယ်၍ ပြုကြကုန်သည် ဖြစ်အံ့။ တမှာ အာဝါသာ၊ ထိုနေ့ဥပုသ် ဥပုသ်ပြုသော ထိုကျောင်းတိုက်မှ။ ဝိဿဇ္ဇ-ဥပေါသထာ ဝိဿဇ္ဇဥပေါသထတော၊ ဥပုသ်ပြု အကျွမ်းဝင်သော။ ဘိက္ခုနာပိ၊ ရဟန်းတပါးနှင့်လည်း။ ဆွေ၊ ဤခန္ဓသိမ်, နဒီသိမ်သို့။ ဂန္တုံ၊ သွားခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဧဝံ၊ ဤသို့။ ဂတော၊ သွားသောရဟန်းသည်။ အဓိဋ္ဌာတုမ္ပိ၊ စိတ်ကိုဆောက်တည်ခြင်းငှါလည်း။ လဘတိ၊ ရ၏။ ကထံ လဘတိ၊ အဘယ်သို့ရသနည်း။ တတ္ထ၊ ထိုခန္ဓသိမ်, နဒီသိမ်တခုခု၌။ ဉာဒိနာ ဘိက္ခုနာ၊ ဤရဟန်းနှင့်။ သဒ္ဓိံ၊ တကွ။ ဥပေါသထံ၊ ဥပုသ်ကို။ ကရောန္တေနာပိ မယာ၊ ပြုသော ငါသည်လည်း။ အတ္တနော၊ မိမိ၏။ ဥပေါသထန္တရာယော၊ ဥပုသ်၏ အန္တရာယ်ကို။ ကတော၊ ပြုအပ်သည်။ နေဝ ဘဝိဿတိ၊ မဖြစ်လတံ့။ ဣတိ ဧဝံ၊ ဤသို့။ အဓိဋ္ဌာတုမ္ပိ၊ စိတ်ကို ဆောက်တည်ခြင်းငှါလည်း။ လဘတိ၊ ရ၏။

ထိုနေ့ ဥပုသ်ပြုပေါ် ရဟန်းမရှိသော အနာဝါသမှ၊ သမာန သံဝါသက ထိုနေ့ဥပုသ် ဥပုသ်ပြုပေါ် ရဟန်းရှိသော အာဝါသသို့သွားခြင်းငှါ အပ်၏ဟု ပြတော်မူခြင်းငှါ။-

အရညကေနာပိ ဘိက္ခုနာ ဥပေါသထ ဒိဝသေ ဂါမေ ပိဏ္ဍာယ စရိတွာ အတ္တနော ဝိဟာရမေဝ အာဂန္တဗ္ဗံ၊ သစေ အညံ ဝိဟာရံ ဩက္ကမတိ ထတ္ထ ဥပေါသထံ ကတွာဝ အာဂန္တဗ္ဗံ၊ အကတွာ န ဝဋ္ဋတိ-ဟူသော ပါဠိကို မိန့်တော်မူ၏။

အရုဏ်ကောနာပိ ဘိက္ခုနာ၊ တောကျောင်းနေသော ရဟန်းသည်လည်း၊ ဥပေါသထ ဒိဝသေ၊ ဥပုသ်နေ့၌၊ ဂါမေ၊ ရွာ၌၊ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ၊ စရိတွာ၊ လှည့်လည်၍၊ အညံ ဝိဟာရံ၊ တပါးသော ကျောင်းတိုက်သို့၊ သစေ ဩက္ကမတိ၊ အကယ်၍ သက်ဝင်ခဲ့သည်ဖြစ်အံ့၊ တတ္ထ၊ ထိုသက်ဝင်သော တပါးသော ကျောင်းတိုက်၌၊ ဥပေါသထံ၊ ဥပုသ်ကို၊ ကတ္ဝာဝ၊ ပြု၍သာလျှင်၊ အာဂန္တဗ္ဗံ၊ ပြန်ရခြင်းသည်၊ ဝဋ္ဋတိ၊ သင့်မြတ်၏၊ ဥပေါသထံ၊ ဥပုသ်ကို၊ အကတွာ၊ မပြုမူ၍၊ အတ္တနော၊ မိမိ၏၊ ဝိဟာရမေဝ၊ ကျောင်းကိုသာလျှင်၊ အာဂန္တဗ္ဗံ၊ ပြန်ရခြင်းသည်၊ န ဝဋ္ဋတိ၊ မသင့်, မမြတ်, မအပ်၊ ဧဝံ၊ ဤသို့၊ ဂတော၊ သွားသော ရဟန်းသည်၊ အဓိဋ္ဌာတုမ္ပိ၊ စိတ်ကို ဆောက်တည်ခြင်းငှာလည်း၊ လဘတိ၊ ရ၏၊ ကထံ လဘတိ၊ အဘယ်သို့ ရသနည်း၊ တတ္ထ၊ ထိုကျောင်းတိုက်၌၊ ဘိက္ခူဟိ၊ ရဟန်းတို့နှင့်၊ သဒ္ဓိံ၊ တကွ၊ ဥပေါသထံ၊ ဥပုသ်ကို၊ ကရောန္တေနာပိ မယာ၊ ပြုသော ငါသည်လည်း၊ အတ္တနော၊ မိမိ၏၊ ဥပေါသထန္တရာယော၊ ဥပုသ်၏အန္တရာယ်ကို၊ ကတော၊ ပြုအပ်သည်၊ နေဝ ဘဝိဿတိ၊ မဖြစ်လတံ့၊ ဣတိ ဧဝံ၊ ဤသို့၊ အဓိဋ္ဌာတုမ္ပိ၊ စိတ်ကို ဆောက်တည်ခြင်းငှာလည်း၊ လဘတိ၊ ရ၏၊

သမာနသံဝါသက သဘိက္ခုက အာဝါသကိုရည်တော်မူ၍၊ ထိုနေ့ဥပုသ် ဥပုသ်ပြုပေါ်ရဟန်းရှိသောကျောင်းတိုက်၌၊ ထိုနေ့ဥပုသ် ဥပုသ်ပြုပေါ်ရဟန်းတို့သည်၊ ထိုနေ့ဥပုသ် ဥပုသ်ပြုခြင်းငှာစည်းဝေးကြသောကာလ၊ ကျောင်းတိုက်မဟာသိမ်၌ သုတ္တုဒ္ဒေသဥပုသ်ကို၊ ဥပုသ်ပြုအကျွမ်းဝင်သောရဟန်းတပါးနှင့်သွား၍ ခဏ္ဍသိမ်၌ ပါရိသုဒ္ဓိဥပုသ်ကို ယခု မပြုသေးမူ၍၊ ထိုကျောင်းတိုက်မှ ယနေ့ပင်ရောက်အောင် သွားခြင်းငှာတတ်ကောင်းသော၊ သမာနသံဝါသက ဥပုသ်ပြုပေါ်ရဟန်းရှိသော ကျောင်းတိုက်သို့ သွားခြင်းငှာ အပ်၏ဟု ပြတော်မူခြင်းငှာ။—

ယံ ဇညာ သက္ကောမိ အဇ္ဇေဝ ဂန္တုန္တိ ယံ ဇာနေယျ အဇ္ဇေဝ တတ္ထ ဂန္တုံ သက္ကောမိတိ ဧဝရူပေါ အာဝါသော ဂန္တဗ္ဗော။—ဟူသောပါဠိကို မိန့်တော်မူ၏။

ရှေ့မှ လိုက်သောဝါကျ,နောက်မှလိုက်သောဝါကျ စုံလင်အောင် ခင်းပြသော်။

သဘိက္ခုကာ အာဝါသာတိ ယသ္မိံ အာဝါသေ ဥပေါသထကာရကာ ဘိက္ခူ အတ္ထိ၊ တမှာ အာဝါသာ၊ သစေ ဝိဟာရေ ဥပေါသထံ ကရောန္တိ၊ တမှာ ဧတ္ထ ဝိသဋ္ဌ ဥပေါသထာပိ အာဝါသာ၊ ယံ ဇညာ သက္ကောမိ အဇ္ဇေဝ ဂန္တုန္တိ ယံ ဇာနေယျ အဇ္ဇေဝ တတ္ထ ဂန္တုံ သက္ကောမီတိ ဧဝရူပေ အာဝါသေ ဥပေါသထံ အကတွာ ဂန္တဗ္ဗော၊ ဧဝံ ဂတော အဓိဋ္ဌာတုမ္ပိ လဘတိ၊ တတ္ထ ဘိက္ခူဟိ သဒ္ဓိံ ဥပေါသထံ ကရောန္တေနာပိ ဟိ နေဝ ဥပေါသထန္တရာယော ကတော ဘဝိဿတီတိ။-ဟု ဝါကျခင်းနေသင့်၏။

သဘိက္ခုကာ အာဝါသာတိ၊သဘိက္ခုကာ အာဝါသာ-ဟူသည်ကား။ ယသ္မိံ အာဝါသေ၊ အကြင်ကျောင်းတိုက်၌။ ဥပေါသထကာရကာ၊ ဥပုသ်ပြုဖော်ဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ တမှာ အာဝါသာ၊ ထိုကျောင်းတိုက်မှ။ ယသ္မိံ ဝိဟာရေ၊ အကြင်ကျောင်းတိုက်၌။ ဥပေါသထကာရကာ၊ ဥပုသ်ပြုဖော်ဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်၊ ဥပေါသထံ၊ ဥပုသ်ကို။ သစေ ကရောန္တိ၊ အကယ်၍ပြုကြကုန်သည်ဖြစ်အံ့။ တမှာ အာဝါသာ၊ ထိုကျောင်းတိုက်မှ။ ဝိသဋ္ဌ ဥပေါသထာ-ဝိသဋ္ဌ ဥပေါသထေန၊ ဥပုသ်ပြုအကျွမ်းဝင်သော။ ဘိက္ခုနာအပိ၊ ရဟန်းတပါးနှင့်လည်း။ ဧတ္ထ၊ ဤခဏ္ဍသိမ်သို့။ ဂန္တွာ၊ သွား၍။ (အကတွာ ဂန္တဗ္ဗော-မှာစပ်) ယံ ဇညာ သက္ကောမိ အဇ္ဇေဝ ဂန္တုန္တိ၊ယံ ဇညာ သက္ကောမိ အဇ္ဇေဝ ဂန္တုံ-ဟူသည်ကား၊ အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ တတ္ထ၊ ထိုကျောင်းတိုက်သို့။ ဂန္တုံ၊ ရောက်အောင်သွားခြင်းငှာ။ သက္ကောမိ၊ တတ်ကောင်း၏။ ဣတိ၊ ဤသို့။ ယံ အာဝါသံ၊ အကြင်ကျောင်းကို။ ဇာနေယျ၊ သိပြားအံ့။ ဧဝရူပေ၊ ဤသို့သိအပ်သော သဘောရှိသော။ အာဝါသေ၊ ကျောင်းတိုက်သို့။ ဥပေါသထံ၊ ဥပုသ်ကို။ အကတွာ၊ မပြုသေးမူ၍။ ဂန္တဗ္ဗော၊ သွားအပ်၏။ ဧဝံ၊ ဤသို့။ ဂတော၊ သွားသော ရဟန်းသည်။ အဓိဋ္ဌာတုမ္ပိ၊ စိတ်ကိုဆောက်တည်ခြင်းငှာလည်း။

လဘတိ၊ ရ၏။ ကထံ လဘတိ၊ အဘယ်သို့ရသနည်း။ တတ္ထ၊ ထိုကျောင်းတိုက်၌၊ ဘိက္ခူဟိ၊ ရဟန်းတို့နှင့်၊ သဒ္ဓိံ၊ တကွ၊ ဥပေါသထံ၊ ဥပုသ်ကို၊ ကရောန္တေနာပိ မယာ၊ ပြုသော ငါသည်လည်း၊ အတ္တနော၊ မိမိ၏၊ ဥပေါသထန္တရာယော၊ ဥပုသ်၏အန္တရာယ်ကို၊ ကတော၊ ပြုအပ်သည်။ နေဝ ဘဝိဿတိ၊ မဖြစ်လတံ့။ ဣတိ ဧဝံ၊ ဤသို့။ အဓိဋ္ဌာတုမ္ပိ၊ စိတ်ကိုဆောက်တည်ခြင်းငှာလည်း။ လဘတိ၊ ရ၏။ ။
ဥပေါသထက္ခန္ဓကအဖွင့် အဋ္ဌကထာ ဆနက်။

## ဝဇိရဗုဒ္ဓိဋီကာနှင့် အဋ္ဌကထာညှိပုံကို ပြခြင်း။

နဂန္တဗ္ဗောတိ ကိံ သန္ဓာယ၊ အညတြသံဃေနာတိဝစနတော ယသ္မိံ ဝိဟာရေ သတံ ဘိက္ခူ ဝိဟရန္တိ၊ တေ သဗ္ဗေ ကေနစိဒေဝ ကရဏီယေန ဒသဒသ ဟုတွာ ဝိသုံဝိသုံ နာနာဥဒကုက္ခေပသီမာဒီသု ဌတွာ ဥပေါသထံ ကာတုံ လဘန္တိ၊ န ဝဂ္ဂသာလာဒိကါ နာနာသိမကော ဥပေါသထဂ္ဂါဒိဋ္ဌာနေ သီမာပိ နဒီပိ န ဂန္တဗ္ဗာ ဂရုကံ ပါတိမောက္ခုဒ္ဒေသံ ဝိသဇ္ဇိတွာ လဟုကဿ အကတတ္တာ၊ အညတြသံဃေနာတိ ဝစနံ သာဓေတိ၊ တတ္ထ ယသ္မိံ အာဝါသေ ဥပေါသထကာရကာ။ ပ။ အကတွာ ဂန္တဗ္ဗောတိ၊ ဝစနတော ဝိသုံ ဥပေါသထာ ဂန္တုံ ဝဋ္ဋတီတိ သိဒ္ဓံ၊ တထာ ပါရိသုဒ္ဓိဥပေါသထကရဏတ္ထံ ဝိသုံ ဥပေါသထာ ဂန္တုံ ဝဋ္ဋတိ။ ခန္ဓသိမံ ပဝိသိတုန္တိ အပရေ ဝဒန္တိ ဝုတ္တံ၊ ။ဝဇိရဗုဒ္ဓိဋီကာ အဋ္ဌကထာနှင့် ညှိဘို့။

နဂန္တဗ္ဗောတိဝစနံ၊ နဂန္တဗ္ဗော-ဟူသော ဤစကားကို။ ကိံ၊ အဘယ်ကို၊ သန္ဓာယ၊ ရည်၍၊ ဝုတ္တံ၊ ဆိုအပ်သနည်း။ အညတြ သံဃေနာတိ ဝစနတော၊ အညတြ သံဃေန - ဟု ဟောတော်မူခြင်းကြောင့်။ ယသ္မိံ ဝိဟာရေ၊ အကြင် ကျောင်းတိုက်၌၊ သတံ ဘိက္ခူ၊ ရဟန်းတရာတို့သည်၊ ဝိဟရန္တိ၊ နေကြကုန်၏။ တေ သဗ္ဗေ ဘိက္ခူ၊ ထိုအလုံးစုံ ရဟန်းတို့သည်၊ ကေနစိဒေဝ ကရဏီယေန၊ တစုံတခု ပြုဖွယ်ကိစ္စဖြင့်သာလျှင်။ ဒသဒသ၊ ဆယ်ပါး, ဆယ်ပါး တို့သည်။

ဟုတွာ၊ ဖြစ်ကြကုန်၍၊ ဝိသုံဝိသုံ၊ အသီး အသီး၊ နာနာ ဥဒကုက္ခေ
ပသီမာဒိသု၊ အထူးထူးသော ဥဒကုက္ခေပ သိမ်စသည်တို့၌၊ ဌတွာ၊
တည်၍၊ ဥပေါသထံ၊ ဥပုသ်ကို၊ ကာတုံ၊ ပြုခြင်းငှာ၊ လဘန္တိ၊ ရ
ကြကုန်၏၊ နဝ ကမ္မ သာလာဒိကာ၊ နဝ ကမ္မတဥ်းကုတ် အစရှိကုန်
သော။ နာနာသီမ ကောဋိ၊ အထူးထူးသောသိမ်၏ အစွန်းအဖျား
တို့သို့၊ န ဂန္တဗ္ဗာ၊ မသွားအပ်ကုန်၊ ဥပေါသထာဓိဋ္ဌာနတ္ထံ၊ အ
ဓိဋ္ဌာန် ဥပုသ်ဆောက်တည်ခြင်းငှာ၊ သီမာပိ၊ ခဏ္ဍသိမ်သို့လည်း၊ န
ဂန္တဗ္ဗာ၊ မသွားအပ်၊ ကသ္မာ၊ အဘယ့်ကြောင့်၊ န ဂန္တဗ္ဗာ၊ မသွား
အပ်သနည်း။ ဂရုကံ၊ အလေးပြုအပ်သော၊ ပါတိမောက္ခုဒ္ဒေသံ၊
ပါတိမောက်ပြခြင်းကို၊ ဝိဿဇ္ဇိတွာ၊ လွှတ်၍၊ လဟုကဿ ဥပေါ
သထာဓိဋ္ဌာနဿ၊ ပေါ့သော အဓိဋ္ဌာန်ဥပုသ် ဆောက်တည်ခြင်း
၏၊ အကတ္တဗ္ဗတ္တာ၊ မပြုအပ်သည်၏ အဖြစ်ကြောင့်၊ န ဂန္တဗ္ဗာ၊ မ
သွားအပ်၊ ဉတ္တိဝေဠာ၊ ဤသို့လည်း၊ တတ္ထ တသ္မိံ ဝိဟာရေ၊ ထို
ကျောင်းတိုက်၌၊ န ဂန္တဗ္ဗောတိ ဝစနံ၊ န ဂန္တဗ္ဗော-ဟူသော ဤစ
ကားကို၊ အညတြ သံဃေနာတိ ဝစနံ၊ အညတြ သံဃေန-ဟူသော
ဤစကားသည်၊ သာဓေတိ၊ ပြီးစေ၏၊ ယသ္မိံ ဝိဟာရေ၊ အကြင်
ကျောင်းတိုက်၌၊ ဥပေါသထ ကာရကာ၊ ဥပုသ် ပြုဖော်ဖြစ်ကုန်
သော၊ ဘိက္ခူ၊ ရဟန်းတို့သည်၊ အတ္ထိသန္တိ၊ ရှိကုန်၏၊ တမှာ အာ
ဝါသာ၊ ထိုကျောင်းတိုက်မှ၊ ယံ အာဝါသံ၊ အကြင် ကျောင်းတိုက်
သို့၊ ဂတော၊ သွားသည်ရှိသော်၊ တဒဟေဝ၊ ထိုနေ့ပင်လျှင်၊ အာ
ဂန္တုံ၊ ပြန်လာခြင်းငှာ၊ န သက္ကောတိ၊ မတတ်ကောင်း၊ သော အာ
ဝါသော၊ ထိုကျောင်းတိုက်သို့၊ ဥပေါသထံ၊ ဥပုသ်ကို၊ အကတွာ၊
ယာဝ မပြုသေးမူ၍၊ ဂန္တဗ္ဗော၊ သွားအပ်၏၊ ဉတ္တိဝေဠာ၊ ဤသို့လည်း။
တတ္ထ တသ္မိံ ဝိဟာရေ၊ ထိုကျောင်းတိုက်၌၊ ဂန္တဗ္ဗောတိ ဝစနံ၊ ဂန္တ
ဗ္ဗော-ဟူသော ဤစကားကိုလည်း။ အညတြ သံဃေနာတိ ဝစနံ၊ အ
ညတြ သံဃေန-ဟူသော ဤစကားသည်၊ သာဓေတိ၊ ပြီးစေ၏။ အ
ညတြသံဃေနာတိ ဝစနံ၊ အညတြသံဃေန-ဟူသော ဤစကားသည်၊
သာဓေတု၊ ပြီးစေဦးတော့၊ ကထံ၊ အဘယ်ကြောင့်၊ ဂန္တဗ္ဗောတိ ဝစနံ၊
ဂန္တဗ္ဗော-ဟူသော ဤစကားသည်။ သိဒ္ဓံ၊ ပြီးသနည်း၊ ဝိသဥ္စ ဥ

ပေါသထာ - ဝိသာခေ ဥပေါသထေန၊ ဥပုသ်ပြု အကျွမ်းဝင်သော။ ဘိက္ခုနာ၊ ရဟန်းတပါးနှင့်။ ဂန္တုံ၊ သွားခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ ဝစနတော၊ ဆိုခြင်းကြောင့်။ ဂန္တဗ္ဗောတိ ဝစနံ၊ ဂန္တဗ္ဗော-ဟူသော ဤစကားသည်။ သိဒ္ဓံ ပြီး၏။ တတော၊ ထို့ကြောင့်။ ပါရိသုဒ္ဓိ ဥပေါသထ ကရဏတ္တံ၊ ပါရိသုဒ္ဓိ ဥပုသ်ပြုခြင်းငှာ။ ဝိသာခေ ဥပေါသထာ-ဝိသာခေ ဥပေါသထေန ဘိက္ခုနာ၊ ဥပုသ်ပြု အကျွမ်းဝင်သော ရဟန်းတပါးနှင့်။ ဂန္တုံ၊ သွားခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ခန္ဓသီမံဝါ ခန္ဓသီမ်သို့လည်း။ ပဝိသိတုံ၊ ဝင်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ ဣဒံ ဝစနံ၊ ဤစကားကို။ အပရေ၊ တပါးသော ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ ဣတိ ဧဝံ၊ ဤသို့။ န ဂန္တဗ္ဗောတိ ဝစနံ၊ န ဂန္တဗ္ဗော-ဟူသော ဤစကားကို။ န ဂန္တဗ္ဗော ဂန္တဗ္ဗောတိ ဝစန ဒွယံ၊ န ဂန္တဗ္ဗော ဂန္တဗ္ဗော-ဟူသော ဤစကား အစုံကို။ သန္ဓာယ၊ ရည်တော်မူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ။၁၀၉ ရ ဗုဒ္ဓ ကာ့အနက်။

ဤအပရေဝါဒသည်၊ နိန္ဒိတဗ္ဗ အပရေဝါဒ, အနိန္ဒိတဗ္ဗ အပရေဝါဒ ၂-ပါးတွင်၊ ဋီကာ ဆရာလိုတော်မူအပ်သောကြောင့်၊ နိန္ဒိတဗ္ဗ အပရေဝါဒမည်၏။ ဂဟေတဗ္ဗ အပရေဝါဒ, န ဂဟေတဗ္ဗ အပရေဝါဒ ၂-ပါးတွင်၊ ပါဠိသို့ အဋ္ဌကထာသို့ သက်ဝင်သောကြောင့်၊ ဂဟေတဗ္ဗ အပရေဝါဒမည်၏၊

ဥပုသ်နေ့ အလျဉ်း ဥပုသ်မပြုခြင်းကြောင့်၊ သင့်သော အာပတ်ရှိ၏ တွေ့ဘူး၏။ ပါတိမောက္ခုဒ္ဒေသ သုတ္တုဒ္ဒေသ ဥပုသ်မပြုခြင်းကြောင့်၊ သင့်သော အာပတ်မရှိ မတွေ့ဘူးချေ။ အခွင့်သင့်ရာ ဥပုသ်ကို ပြုတော်မူကြပါကုန်၊ အပြစ်မရှိပါ။ ။သာဝကတို့၏ အရာဋ္ဌာန သတိပြု။

အပညတ္တံ န ပညာပေတဗ္ဗံ ပညတ္တံ န သမုစ္ဆိန္ဒိတဗ္ဗံ ယထာပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တာမ - ဟု နှလုံးပိုက်မှ၊ သာဝကတို့၏ သတ္ထုသာသန ကရ၊ မြတ်စွာဘုရား အဆုံးအမတော်သို့ လိုက်နာရာကျ၏။ ။ဝိနည်းမှာ (ယထာဒေသနာကထာ) ဟုမှတ်။

## နိဂုမ်း

ဇုတိ ဇုမိနာဘေတ္တား ဝတာ- ဘေတ္တာဝေတ္တေန ဝစနတ္တမေန၊ ဤသို့ဆိုအပ် ခဲ့ပြီးသော သဒ္ဒါအစဉ်၊ အနက်အစဉ်၊ စကားအစဉ်ဖြင့်၊ ဓဇယျာပုရနဂရဿ၊ စစ်ကိုင်းမြို့၏၊ ဥတ္တရာယ ဒိသာယ၊ မြောက်ရပ်၌၊ ပဥ္စသဟဿ မြို့နှင့်ရေ၊ ၅-တိုင်ဝေးသော၊ ဒွိန္နံ ဟေဋ္ဌုပရိ မဟာတဋ္ဌာကာနံ၊ အောက်ကန်၊ အထက်ကန်၊ ကန်ကြီး ၂-လုံးတို့၏၊ သမီပ ထလဗ္ဗိတဂါမတ္တာ၊ အနီးကုန်းမှာတည်သော ရွာ၏ အဖြစ်ကြောင့်၊ မဟာတဋ္ဌာက ထလဂါမေ၊ ကန်ကြီးကုန်းရွာ၌၊ ဝိဇာတဇာ တောနံ့ဖွားရာ ဇာတိရှိသော၊ သန္တဂါမေ၊ မင်းကွန်း၌၊ ဝသန္တပုဗ္ဗတ္တာ၊ နေဘူးသည့်၏ အဖြစ်ကြောင့်၊ သန္တာဂါရ ဘိက္ခုတိ ရုဋ္ဌိနာမေန၊ မင်းကွန်းဘုန်းကြီးဟု တွင်သော အမည်ရှိသော၊ သုဝဏ္ဏနဂရေ၊ မြို့လှ၌၊ ဝသန္တပုဗ္ဗတ္တာ၊ နေဘူးသည့်၏ အဖြစ်ကြောင့်၊ သုဝဏ္ဏနဂရ ဘိက္ခုတိ ရုဋ္ဌိနာမေန၊ မြို့လှဘုန်းကြီးဟု တွင်သော အမည်ရှိသော၊ ဒါနိ၊ ယခု၊ သုဝဏ္ဏဘူမိ သုဓမ္မနဂရေ၊ သုဝဏ္ဏဘုံ သထုံမြို့၌၊ ဥတ္တရာယ အနုဒိသာယ၊ အရှေ့မြောက်ထောင့်အရပ်၌၊ အန္တော ဒိဂုဏ ပါကာရာနံ၊ အတွင်းမြို့ရိုးနှစ်ထပ်တို့၏၊ အန္တရေ၊ အကြား၌၊ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌၊ ဝသန္တေန၊ နေသော၊ ထေရေန၊ မထေရ်သည်၊ ဝိနိစ္ဆိတာ၊ ဆုံးဖြတ်အပ်သော၊ ဥပေါသထ အနုသန္ဓိ ဝိစယကထာ၊ ဥပေါသထ အနုသန္ဓိ ဝိစယကထာ သည်၊ ကောသိတိ ဒွိသတ ကောသဟဿ ဝဿ သာသနာ မာသကတ္တုပက္ခ ဒွါဒသာဟ ဝိကာလေ၊ ၁၂၈၁-ခုနှစ် ဝါခေါင်လဆုတ် ၂-ရက် နေ့လွဲသောကာလ၌၊ နိဋ္ဌိတာ၊ အပြီးအဆုံး သို့ရောက်ပြီ။

ဥပေါသထ အနုသန္ဓိဝိစယကထာ ဝိနိစ္ဆယ

ပြီး၏။